# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၂)


## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း (၇၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပမည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ရန်ကုန် ဇွန် ၃၀**

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန် အစည်းအဝေးခန်းမတွင် ယနေ့ညနေ ၄ နာရီတွင် ပြုလုပ်သည့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး အစည်းအဝေးအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျင်းပရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုများကို အသေးစိတ် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊


စာမျက်နှာ ၃ ကော်လံ ၁ ❇


**လေးစားအားကျ အတုယူဖွယ်ရာ သူလိုအာဇာနည်၊ သူလိုခေါင်းဆောင်** စာ-၆

**ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ သက္ကယ်ပြင် IDP Camp သို့ သွားရောက် သတင်းရယူ** စာ-၉

**ကမ္ဘာ့အကြီးဆုံး ကြေးမောင်းအဖြစ် တရုတ်ကြေးမောင်း ဂင်းနက်စ်စံချိန်တင်** စာ-၁၄

## ကျိုက်လတ် ပင်မဓာတ်အားခွဲရုံမှ ကျိုက်လတ်၊ ဖျာပုံ၊ မအူပင်၊ ဒေးဒရဲ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးသွားမည်

**နေပြည်တော် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၃၀ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင်၊ ၂၃၀/၆၆/ ၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေနှင့် ၆၆/၃၃ကေဗွီ၊ ၃၀ အမ်ဗွီအေ ကျိုက်လတ်ပင်မ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်းနှင့် ကျိုက်လတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဇွန် ၂၄ ရက်တွင် ဓာတ်အားလိုင်းအား စစ်ဆေးခြင်း၊ ကျိုက်လတ်ဓာတ်အားခွဲရုံကို လျှပ်စစ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ကျိုက်လတ်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၂ မိနစ်တွင်တွင် ကျိုက်လတ်ဓာတ်အားခွဲရုံ၏ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာအား ဓာတ်အားပို့လွှတ်ထားခဲ့သည်။


စာမျက်နှာ ၄ ကော်လံ ၁ ❖




ကျိုက်လတ်ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။


CB BANK

Best Digital Bank 2018

ASIAMONEY

www.cbbank.com.mm

CBBankmyanmar

contact@cbbank.com.mm

Call Center : 01 231 777 0

မြန်မာ့အလင်း

# ကမ္ဘာတည်သရွေ့

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရန် နိုင်ငံတစ်ဝန်း၌ ပြင်ကြ ဆင်ကြပြီ ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးကဲ့သို့ပင် မိမိတို့နိုင်ငံတွင်လည်း အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့ စသည်ဖြင့် နိုင်ငံနှင့်လူမျိုးတို့၏ အတိတ်သမိုင်းကို ဂုဏ်ယူဖွယ်နေ့ထူးနေ့မြတ်များရှိသလို အာဇာနည်နေ့ကဲ့သို့သော ပြန်ပြောင်း အောက်မေ့ဖွယ်၊ အမှတ်ရဆင်ခြင်ဖွယ်နေ့သည်လည်း မိမိတို့နိုင်ငံနှင့် လူမျိုး ဖြတ်သန်းခဲ့ရသည့် သမိုင်းအရ မေ့ပျောက်မရအောင် ရှိနေရခြင်းဖြစ်သည်။

နိုင်ငံနှင့် လူမျိုး လွတ်လပ်ရေးအတွက် မနားမနေကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ လုပ်ကြံခံခဲ့ရခြင်းအပေါ် မချိတင်ကဲခံစားချက်ဖြင့် "နန်းမြို့တည်ရန်၊ မှန်းလို့ရည်ကာသန်တဲ့၊ ညီလာခံဗိုလ်ရှုပွဲတွင်မှ၊ ထိုထိုလူခပဲကို မကြည်ညိုတဲ့၊ ဝသီအလို တဖြည်းဖြည်း ရှူးမဟဲ့လို့၊ တန္ဒေးန္ဒေး မူးမူးပြီး၊ ခွေးဘီလူးလို အကောင်မိုက်တွေက၊ (သြော်) အမှောင်စရိုက်ကယ်နှင့်၊ ပြောင်ပြောင်ပဲ မိုက်မပေ့ါလို့၊ ပြောင်ကိုက်သဟာမှာ၊ ယာယီယတြာအချိန်နဲ့ ဇာတာမှိန်လို့မို့၊ ဂနာမငြိမ်တာဝတီံယွင်းကြပေ့ါ၊ ဖြေမကြည် နေရီလို့ လွမ်းစေဖို့၊ မြန်မာ့ပြည်ပေါ်ကို၊ ဓမ္မစည်တော်ရှမ်းချိန်မို့၊ အစွမ်းကုန်သည်တစ်ခါဖြင့်၊ ပြည်ရွာ ညီညာဖို့ အလုပ်ပေပေ့ါ---"ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အာဇာနည်ဗိမာန်လေးချိုးကြီးတွင် စပ်ဆိုခဲ့သည်။ လွတ်လပ်သည့်နိုင်ငံ တိုင်းပြည်ထူထောင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည့်အချိန်တွင် အာဏာအဆိပ်တက်ကာ(ခွေးတစ်ကောင်ကဲ့သို့) မိုက်မဲစွာ လုပ်ကြံသတ်ဖြတ်သူများကြောင့် နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည့်အပေါ် တရားဖြင့်ဖြေသိမ့်ကြရန်နှင့် နိုင်ငံတစ်ဝန်းလုံး ညီညွတ်ကြရန် ဆရာကြီးက နှိုးဆော်တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မြန်မာစာဆိုပညာရှင်တစ်ဦးဖြစ်သူ ဆရာကြီးဇော်ဂျီကလည်း သူ၏ကဗျာတစ်ပုဒ်တွင် "ငါ့ညီ ပြောင်ဝင်း၊ မောင်သစ်ဆင်း၊ မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်၊ သူတို့ခေတ်၌၊ တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏။ မင်းမြင်ငါကြား၊ စကားဥဒါန်း၊ ဆန်း၏ သတ္တိ၊ ဆန်း၏ သမာဓိ၊ ဆန်း၏ ပညာ၊ ဆန်းမှာဆုံပေါင်း၊ ယောကျ်ားကောင်းတို့၊ ခေါင်းဆောင် သဘော၊ မင့်သားချောကို၊ ပြောလိုက်ပါဘိ ဟောပါဘိ"ဟူ၍ ထည့်သွင်းစပ်ဆိုခဲ့သည်။ မျိုးဆက်သစ်တို့၏ ခေတ်များတွင်လည်း တိုင်းပြည်ကို ချစ်ခင်သူမြတ်နိုးသူတို့ ဖြစ်စေချင်သော၊ ဗိုလ်ချုပ်အောင်ဆန်း၏ သတ္တိမျိုး၊ ဗိုလ်ချုပ်အောင်ဆန်း၏ သမာဓိမျိုး၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပညာမျိုး၊ ဗိုလ်ချုပ်အောင်ဆန်းတွင်ရှိသည့် ကိုယ်ရည်ကိုယ်သွေး၊ ယောကျ်ားကောင်း၊ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းမျိုးတို့ကို အားကျအတုယူစေလိုသောသဘောတို့ကို ဆရာကြီးက ရေးသားခဲ့ခြင်းပင်ဖြစ်သည်။

အာဇာနည်ဟူသည် အကြောင်းဟုတ်မဟုတ်ကို ကောင်းစွာသိသောသူ တစ်နည်းအားဖြင့် ပညာဉာဏ်နှင့် ပြည့်စုံသူဖြစ်၏။ ထို့ပြင် သာမန်ထက်လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူလည်း ဖြစ်၏။ မိမိတို့နိုင်ငံတွင် အာဇာနည်နေ့ကို နှစ်စဉ်မပျက် ကျင်းပနေခြင်းမှာလည်း နိုင်ငံနှင့် လူမျိုးတို့အတွက် အသက်ပေးသွားခဲ့ကြသည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရစေခြင်းနှင့် အာဇာနည်ပုဂ္ဂိုလ်ထူးတို့၏ ဂုဏ်ရည်ကို လူငယ်မျိုးဆက်သစ်တို့ လေးစားအားကျအတုယူကာ နိုင်ငံ့သားကောင်းသမီးအမွန်တို့ အစဉ်အဆက် ပေါ်ထွန်းစေခြင်းငှာဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

## မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့် ရှိမည်။

**မိုး/ဇလ**

# မကွေးမြို့နယ် မြင်းကင်းကျေးရွာ၌ ရေဘေးသဏ္ဌာန်တူသရုပ်ပြ

**မကွေး ဇွန် ၃၀**



ရေဘေးသဏ္ဌာန်တူသရုပ်ပြလေ့ကျင့်နေသည်ကို တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ မကွေးမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုတို့ဖြင့် ရေဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုကို မကွေးမြို့နယ် မြင်းကင်းကျေးရွာ၌ ယမန်နေ့က ပြုလုပ်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးစီးသော ခရိုင်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်သဘာဝဘေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူတို့ တက်ရောက်ကြပြီး မြင်းကင်းကျေးရွာမှ ပြည်သူများပါဝင်လေ့ကျင့်ခဲ့ကြသည်။

ဦးစွာရေဘေးကြိုတင်ရွှေ့ပြောင်းရေးသတိပေးချက်ကို ကျေးရွာလူထုထံသို့ အသိပေးကြေညာခြင်း၊ ကျေးရွာလူထုမှ ဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းခြင်း၊ ထိခိုက်လွယ်အုပ်စုများဖြစ်သော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ ကျန်းမာရေးမကောင်းသူများကို ဘေးလွတ်ကင်းရာသို့ကြိုတင်ရွှေ့ပြောင်းပေးခြင်း၊ အရေးပေါ်လူနာများကို ယာယီဆေးခန်းများသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ရေဘေးရှောင် ရွာဦးဘုန်းတော်ကြီးကျောင်းစခန်း၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးက ရေဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှု၏ အားနည်းချက်၊ အားသာချက်များကိုသုံးသပ်ဆွေးနွေး၍ လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးက မှုခင်းလျော့နည်းကျဆင်းရေးအသိပညာပေးဟောပြောခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# သာစည်မြို့နယ်၌ ရေကောင်းရေသန့် သုံးစွဲနိုင်ရန် မစ်ဆူဘီရှီကုမ္ပဏီက ကူညီမည်

**သာစည် ဇွန် ၃၀**

ဂျပန်နိုင်ငံ မစ်ဆူဘီရှီကုမ္ပဏီမှ တာဝန်ရှိသူများဖြစ်ကြသည့် ဦးမောင်မောင်ကျော်၊ ဦးအောင်ရှင်တို့သည် သာစည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟနှင့်အတူ ဇွန် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေပေးရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး မြို့ရေပေးဝေနေသည့် မင်းလှကန်မှ ရေသွယ်ရယူနေမှုအခြေအနေ၊ ရေစုကန်နှင့် ရေစစ်ကန်တို့မှတစ်ဆင့် လက်ရှိ ရေဖြန့်ဝေနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးလှဦးက လက်ရှိရေဖြန့်ဝေပေးနေမှုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။ ထို့နောက် မစ်ဆူဘီရှီကုမ္ပဏီမှ တာဝန်ရှိသူများသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေး၊ မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မင်းလှကန်သို့ ဆက်လက်သွားရောက်ကြပြီး မင်းလှကန်မှ တစ်ဆင့်ရေစုကန်၊ ရေစစ်ကန်သို့ ရေခေါ်မြောင်းမှတစ်ဆင့် ရေယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မစ်ဆူဘီရှီကုမ္ပဏီသည် သာစည်မြို့နယ် လူထုရေကောင်း ရေသန့်သောက်သုံးနိုင်ရေးအတွက် စက်များဖြင့် ရေစုခြင်း၊ ရေစစ်ခြင်းလုပ်ငန်းများ ပြုလုပ်၍ ရေသန့်များကိုသာ မြို့လူထုသို့ ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာများအသင်းအမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ် ဖွဲ့စည်း

**ပဲခူး ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာများအသင်း တိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့သစ် ပြန်လည်အဆိုပြုရွေးချယ်ပွဲကို ဇွန် ၂၉ ရက်က ပဲခူးမြို့မဟာစေတီဘုရားဝင်းရွှေသံလွင်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကားပြောကြားခဲ့ပြီး ယခင်အလုပ်အမှုဆောင်အဖွဲ့မှဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခြင်း၊ ရ/သုံးငွေစာရင်းဖတ်ကြားခြင်း၊ လက်ရှိတာဝန်ထမ်းဆောင်ခဲ့သော တိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး နုတ်ထွက်ကြေညာခြင်းစသည်တို့ကို ဥပဒေနည်းဥပဒေများအတိုင်းစီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့နောက်မိမိတို့ဒေသအလိုက်၊ ခရိုင်မြို့နယ်အလိုက်အဆိုပြုလျှောက်လွှာများကို ရွေးချယ်ဆန္ဒပြုခဲ့ကြပြီးနောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့အားဖွဲ့စည်း၍ ဝင်ရောက်ရွေးချယ်ခံမည့် မီဒီယာသတင်းသမားများ၏ အမည်ကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် MJA ဗဟိုအဖွဲ့ဝင် ဦးဇေယျာမြတ်ခိုင်က ဗဟို၏ဖွဲ့စည်းပုံစည်းမျဉ်းကိုချပြရှင်းလင်းပြီး ယခင်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအောင်မြင့်အား နာယကအဖြစ်ရွေးချယ်ဆန္ဒပြုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအလုပ်အမှုဆောင် ၁၅ ဦးအား အတည်ပြုခန့်အပ်ပြီးထမ်းဆောင်ရမည့်နေရာအလိုက် အမည်စာရင်းကို ရွေးချယ်တင်မြှောက်ခြင်းခံရသူများက ပြန်လည်ညှိနှိုင်းရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌသစ်အဖြစ် ဆန္ဒပြုရွေးချယ်ခြင်းခံရသူ သန့်စင် (မြန်မာ့အလင်း) က နှုတ်ခွန်းဆက်ကတိစကား ပြောကြားခဲ့သည်။

**သန့်စင် (ပဲခူး)**

*ထင်သာမြင်သာပြုပြင်စရာ*

# မလှိုင်မြို့ ရပ်ကွက်ကြီး ၁ နယ်မြေ ၇ ရှိ ရေစက်ကို ပြန်လည် လည်ပတ်ပေးစေလို

မလှိုင်မြို့နယ်၌ မြို့ပေါ်ရပ်ကွက်ကြီး လေးခုရှိပြီး ရပ်ကွက်ကြီး ၁ နယ်မြေ ၇ရှိ ရေစက်ကြီးမှာ ရပ်ကွက်ကြီး ၁ တွင် ပါဝင်သော နယ်မြေ ၆၊ ၇၊ ၈ နှင့် ဥယျာဉ်တို့အနက် နယ်မြေ ၆ နှင့် နယ်မြေ ၇ ရှိ ဒေသခံများ အဓိကအားကိုးရာ ရေစက်တစ်ခုဖြစ်သည်။

နယ်မြေ ၆ တွင် မလှိုင်မြို့၏ တစ်ခုတည်းသော မြို့မစည်ပင်သာယာဈေးရှိပြီး လူဦးရေထူထပ်သောရပ်ကွက်ဖြစ်သည်။ အဆိုပါ ရေစက်၏ရှေ့တွင် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းတည်ရှိပြီး ကျောင်း၏ သုံးရေမှာလည်း ထိုရေစက်ကို အားကိုးအားထားပြုရာဖြစ်ကြောင်း သိရသည်။

"ဒီရေစက် မလည်တာ နှစ်နှစ်လောက်ရှိပြီ၊ ကြားထဲမှာ တစ်ခါတလေတော့ လည်ပတ်ပါတယ်၊ ဘာလို့လဲ မသိဘူး၊ အခုတော့မလည်ပြန်ဘူး၊ ဒီရေစက်က မလည်တော့ တတ်နိုင်သူတွေကတော့ ကိုယ်ပိုင်ရေတွင်းတူးတာပေ့ါ၊ မတတ်နိုင်သူကျတော့ အလွန်အခက်အခဲရှိတယ်၊ တချို့ပုဂ္ဂလိက ရေစက်တွေရှိပေမယ့် ရေအုတ်ကန်တစ်ကန်ကို ငွေကျပ် ၂၀၀ ကနေ ၄၀၀ အထိ ရောင်းချမှုရှိတယ်" ဟု ပတ်ဝန်းကျင်ဒေသခံတစ်ဦးက ပြောသည်။

ရပ်ကွက်ကြီး ၁ နယ်မြေ ၇ ရှိ ရေစက်မှာ ဒေသခံပြည်သူများနှင့် အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်းတို့ အားကိုးအားထားပြုရာ ရေစက်တစ်ခုဖြစ်ရုံမက မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများကိုလည်း ရေပေးဝေနိုင်သော



ရေစက်ဖြစ်၍ ယခုလို ရေရှားပါးသောနွေရာသီ၌ အဆိုပါရေစက်ကို အမြန်ဆုံးပြန်လည်လည်ပတ်၍ ရေပေးဝေရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❋ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဇာနည်ဗိမာန်သို့ သွားရောက်၍ အာဇာနည်ဗိမာန် မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အများပြည်သူများ ကြည့်ရှုနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ခင်းကျင်းပြသထားမှု အခြေအနေတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်ပြတိုက် ခင်းကျင်းပြသမှုကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ရေး၊ လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ယခင်နှစ်က ကြုံတွေ့ခဲ့သော အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရေးနှင့် လုပ်ငန်းအားလုံးလစ်ဟာမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ ကျန်ရက်နေ့များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ပုံမှန်ဖွင့်လှစ်ပြသလျက်ရှိသည်။

ယခု ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသသွားရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အထူးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်းနှင့်အဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ ကြံ့ခိုင်မှုကို စစ်ဆေးခဲ့ရာ အဆိုပါ အဆောက်အဦမှာ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုနေထိုင်ရန်သာ ဆောက်လုပ်ထားသော အဆောက်အဦဖြစ်ခြင်း၊ သက်တမ်းအားဖြင့် ၉၇ နှစ် ရှိပြီဖြစ်ခြင်း၊ ပထမထပ်မှာ ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် ဘေးအန္တရာယ်ရှိနိုင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ၂၀၁၇ ခုနှစ် နှစ် (၇၀)ပြည့် အာဇာနည်နေ့ တစ်ရက်တည်း၌ လေ့လာကြည့်ရှုသူ ပြည်သူ ၃၂၂၆၈ ဦးရှိခဲ့သဖြင့် ယခုနှစ်အတွက် အဆောက်အဦ၏ ခံနိုင်ဝန်နှင့် ကြံ့ခိုင်မှုအရ ဘေးအန္တရာယ်ရှိနိုင်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အကြံပြုချက်အရ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ အဆိုပါပြတိုက် မြေညီထပ်ကိုသာ အများပြည်သူများ ဝင်၊ ထွက် ကြည့်ရှုစေပြီး ပထမထပ်ရှိ ပြခန်းများခင်းကျင်းထားရှိမှုကို LED Board ဖြင့် ခြံဝင်းအတွင်း၌ ပြသရန် စီစဉ်ထားရှိကြောင်းနှင့် ဇူလိုင် ၂၂ ရက်မှစ၍ တနင်္လာနေ့နှင့် အစိုးရ ရုံးပိတ်ရက်မပါ ကျန်နေ့များတွင် သတ်မှတ် အချိန်အတိုင်း ပြတိုက်၏ မြေညီထပ်နှင့် အပေါ်ထပ်ကို ပုံမှန်အတိုင်း ဖွင့်လှစ်ပြသသွားရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**ရန်ကုန် ဇွန် ၃၀**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဗိုလ်ချုပ်နှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းများ၊ သမိုင်းအထောက်အထားများ၊ သမိုင်းအချက်အလက်များ၊ အသုံးအဆောင်ပစ္စည်းများ ပြည့်ပြည့်စုံစုံ ၉၀ ရာခိုင်နှုန်းနီးပါး ရရှိနေပြီဖြစ်ကြောင်း၊ ဇာတ်ညွှန်းအနေဖြင့် ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ဇာတ်ညွှန်းရလျှင် ဇာတ်ညွှန်းပေါ်မူတည်ပြီး ရုပ်ရှင်ရိုက်ကူးရန် ပြင်ဆင်မှုများ စတင်နိုင်မည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူများ၏ နှလုံးသားတွင် ထာဝရရှင်သန်နေသည့် အာဇာနည်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ပြည်သူများ မျှော်လင့်သည့်အတိုင်း အောင်မြင်သည့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ပေါ်ထွန်းလာနိုင်ရန် အားလုံးက တက်ညီလက်ညီ ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးထွန်းအုံက လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး (၂)ဦးလူမင်းနှင့် ဇာတ်ညွှန်းရေးသားသူ ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးတို့က ဗိုလ်ချုပ်ရုပ်ရှင် ရိုက်ကူးရေးနှင့် စပ်လျဉ်းပြီး လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမိုင်းပညာရှင်များနှင့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ဗိုလ်ချုပ်ရုပ်ရှင်တွင်အသုံးပြုမည့် ခေတ်အဆက်ဆက်က အသုံးအဆောင်ပစ္စည်းများ၊ သမိုင်းမှတ်တမ်း အထောက်အထားများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် ချယ်ရီဦးနာရီဆိုင်က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - လှမိုး**

# ဗိုလ်ချုပ်အောင်ဆန်း မတ်ရပ်ကြေးရုပ်ပုံတူဖွင့်ပွဲ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏပန်းခြံ၌ စည်ကားစွာကျင်းပ

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်လုံးဆိုင်ရာ ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရ မတ်ရပ်ပုံတူကြေးရုပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏပန်းခြံဝင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားကာ ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းက ဗိုလ်ချုပ်ကြေးရုပ် ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေး ငွေများလှူဒါန်းခဲ့သော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများပေးအပ်ကြကာ တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်း၊ တိုင်းဒေသကြီးလွှတ်တော်(၁)၊ (၂)



လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက ဗိုလ်ချုပ်မတ်ရပ်ပုံတူကြေးရုပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ဗိုလ်ချုပ်အမှတ်တရ မတ်ရပ်ပုံတူကြေးရုပ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်ကို မြို့မိမြို့ဖများ၊ မိဘပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကျော်နှင့် အမြင့် ကိုးပေ၊ ကြေးပိဿာချိန် ၅၀၀ တို့ဖြင့် မန္တလေးတိုင်း တမ္ပဝတီအရပ်၌ ကြေးသွန်းလောင်း ထုလုပ်ခဲ့သည်။

**တင်ကြည်-သင်္ဃန်းကျွန်း**




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ အခမ်းအနားတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

◆ *ကျော့ဖုံးမှ*

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးဝင်းထိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူးအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်မျိုးဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာပြုံးမိုအိတို့က အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးဖတ်ကြားကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် အတူတကွ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုံညီတွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးလုပ်ငန်းကော်မတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အစီရင်ခံစာများ ဖတ်ကြားကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဦးဟံသာမြင့်
(အတွင်းရေးမှူးအဖွဲ့ဝင်၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)



ဒေါက်တာ တင်မျိုးဝင်း
(ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)



ဒေါက်တာ မြင့်ထွေး
(ပြည်ထောင်စုဝန်ကြီး)



ဒေါက်တာဝင်းမြတ်အေး
(ပြည်ထောင်စုဝန်ကြီး)



ဒေါ်စုစုလွင်
(အရန်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)



ဒေါက်တာမေဝင်းမြင့်
(ဗဟိုအမျိုးသမီးလုပ်ငန်း
ကော်မတီဥက္ကဋ္ဌ )

❖ *ရှေ့ဖုံးမှ*

ငှင်းထရန်စဖော်မာမှတစ်ဆင့် ၆၆/၃၃ကေဗွီ၊ ၃၀ အမ်ဗွီအေ ထရန်စဖော်မာကို ဇွန် ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၇ မိနစ်တွင် ဓာတ်အားပို့လွှတ်ခဲ့သည်။ ဇွန် ၃၀ ရက်တွင် အဆိုပါ ၂၃၀ ကေဗွီ ကျိုက်လတ် ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီ ဖီဒါများဖြင့် ကျိုက်လတ်၊ ဖျာပုံ၊ မအူပင်၊ဒေးဒရဲ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ယခင်က လျှပ်စစ်မီးဗို့အားပြည့်ဝစွာနှင့် လုံလောက်စွာ အသုံးမပြုနိုင်ခဲ့သော ၎င်းမြို့နယ်များအနေဖြင့် ယခုအခါတွင် လျှပ်စစ်မီးဗို့အားပြည့်ဝစွာနှင့် လုံလောက်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၃၀ ကေဗွီ လှိုင်သာယာ- ကျိုက်လတ် မဟာဓာတ်အားလိုင်းနှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၊ ၁၀၀ အမ်ဗွီအေ ကျိုက်လတ် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသည် ပြည်ပမှဝယ်ယူခဲ့သော ပစ္စည်းများနှင့် တည်ဆောက်ရေးကုန်ကျမှု စုစုပေါင်း ငွေကျပ် ၃၉ ဘီလီယံခန့် ကုန်ကျခဲ့ကြောင်းသိရသည်။

**ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ(လျှပ်စစ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇွန် ၃၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပူတာအိုမြို့နှင့်မအူပင်မြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီ၊ ပျဉ်းမနား(ဝဲကြီး)နှင့် ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တို့တွင် ၁ ဒသမ ၅၃ လက်မစီ၊ မိုးကောင်းမြို့နှင့် ကျောက်ထုမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ လယ်ဝေးမြို့တွင် ၁ ဒသမ ၁၉ လက်မ၊ ကျောက်မဲမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ကျောက်တော်မြို့နှင့်ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တို့တွင် ၁ ဒသမ ၁၀ လက်မစီနှင့် ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၀၆ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲနှင့် လူထုအသံနားကြားခြင်း သံဖြူဇရပ်တွင်ကျင်းပ

**သံဖြူဇရပ် ဇွန် ၃၀**



မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့မှ လွှတ်တော်ဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက ဝဲကဝဲကျေးရွာအုပ်စု အောင်ကုသိုလ်ရွာ ကျိုက်ရာမည ဇိနရုပ်ပွားတော်မြတ်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက လွှတ်တော်အဆင့်ဆင့်၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထုကို အခြေခံကြောင်း၊ လွှတ်တော်မှ ပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များကို နားထောင်ပြီး ဆောင်ရွက်ပေးနိုင်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအတွက် အကျိုးပြုစေမည့် လုပ်ငန်းများကို ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းအပြည့်အဝ ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက သံဖြူဇရပ်မြို့နယ် ပြည်သူ့အကျိုးအတွက် လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုများကို အသိပေးပြောကြားပြီးနောက် တက်ရောက်လာသည့် ပြည်သူများက ကျေးရွာစာသင်ကျောင်း၊ လမ်း၊ တံတားနှင့် လျှပ်စစ်မီးကဏ္ဍများ၊ ဥယျာဉ်ခြံ မြေဂရန်ကိစ္စရပ်များ၊ အောင်ကုသိုလ်ရွာကို မြို့ပေါ် ရပ်ကွက်အဆင့်သို့ တိုးမြှင့်ပေးနိုင်ရေးတင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ချပြဆွေးနွေးကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဝက်လက်မြို့နယ်တွင် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ဖြစ်ပေါ်မှုကို ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများက တင်ပြစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရွှေဘိုခရိုင်အတွင်း သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ပျက်စီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့်အတူ ယနေ့ နံနက် ၉ နာရီက ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့မှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် လှတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးမြေများအား ရေသွင်းမြောင်း၊ ရေနုတ်မြောင်း၊ ကန်ထုတ်လမ်းများဖြင့် စနစ်တကျ တည်ဆောက်ထားပါက အခြေအနေအမျိုးမျိုးတွင် လွယ်ကူလျင်မြန်စွာ စီမံခန့်ခွဲနိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကို ရင်ဆိုင်ကျော်လွှားရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသည့် လုပ်ငန်းသဘာဝအရ မိမိတို့အပိုင်းမှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မူလသမားရိုးကျ လယ်မြေများအား အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်လုပ်ကိုင်ဆောင်ရွက်လိုပါက တောင်သူအများ၏ ဆန္ဒသဘောထားတူညီမှုသည် အထူးလိုအပ်ပါကြောင်း၊ ရွှေဘိုခရိုင်သည် ဖွံ့ဖြိုးမှုအလားအလာအရှိဆုံး ဒေသတစ်ခုအဖြစ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဌာနဆိုင်ရာများ ဒေသနေပြည်သူများအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်ဆောင်ရွက်ပေးရန် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသနေတောင်သူများအတွက် စားသောက်ဖွယ်ရာများ၊ တိရစ္ဆာန်ကုသဆေးဝါးများနှင့် တိရစ္ဆာန်အစားအစာများ ပေးအပ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ မေလတတိယ ၁၀ ရက်ပတ်အတွင်း ထူးကဲစွာ မိုးရွာသွန်းမှုများကြောင့် ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကျောက်မြောင်းမြို့နယ်များတွင် စိုက်ပျိုးထားသော နွေသီးနှံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရွှေဘိုခရိုင်အနေဖြင့် နွေစပါး ၂၀၁၀၈ ဧက စိုက်ပျိုးခဲ့ရာ ဧက ၅၀၀၀ ကျော် ထိခိုက်ခဲ့ပြီး ဧက ၈၈၀ ပျက်စီးခဲ့သည်။ မိုးကြိုပဲတီစိမ်း ၂၆၂၄ ဧကစိုက်ပျိုးခဲ့မှုတွင် ဧက ၁၉၀၀ ကျော် ပျက်စီးခဲ့ကာ နွေနှမ်းအနေဖြင့် ၇၃၅၂၆ ဧက စိုက်ပျိုးထားခြင်းအပေါ် ဧက ၄၇၇၀၀ ပျက်စီးခဲ့သဖြင့် နှမ်းသီးနှံမှာပျက်စီးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော ထိခိုက်မှုများအပေါ် လတ်တလောဆောင်ရွက်ရန် လိုအပ်သည့် ကောင်းစွာရင့်မှည့်ပြီး သီးနှံများ ရွေးချယ်ရိတ်သိမ်း၍ အမိုးအကာအောက် ရောက်ရှိစေရန်၊ ရေကြီးနစ်မြုပ်နေသည့် စိုက်ကွင်းအတွင်းရှိ ရေများ အမြန်ဆုံးထုတ်ယူနိုင်ရေးအတွက် ရေမြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် စသည့်လုပ်ငန်းများကို ဒေသတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အရေးပေါ်ဆောင်ရွက်ရန် လိုအပ်နေသည့် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဌာနမှ စက်ယန္တရားနှင့် ကျွမ်းကျင်ဝန်ထမ်းအင်အားများ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီကုန်ကျစရိတ်များအတွက် ပြည်ထောင်စုဝန်ကြီး၏ မျှဝေခြင်းအစီအစဉ်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၃၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့သည် ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် ကျိုက်သလွံဘုရား၌ ကျင်းပသော မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုအခါ မိုးတွင်းကာလ သုံးလကျန်နေသဖြင့် စေတီတော်ကုန်းမြေနှင့် အဆောက်အအုံများ ထပ်မံမပြိုကျစေရေး လတ်တလော ဆောင်ရွက်ကြရန်နှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် တက်ရောက်လာကြသော ပညာရှင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စေတီတော်ကြီး နှစ်ပေါင်းရာထောင်ချီ၍ ရေရှည်တည်တံ့ခိုင်မြဲရန် လတ်တလောဆောင်ရွက်မည့် အစီအစဉ်၊ ရေရှည်အတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တန်ခိုးကြီးဘုရားများတွင် ရေရှည်တည်တံ့အောင် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က လက်ရှိစေတီတော်ကြီးအား အနီးကပ်စောင့်ကြည့်နေသည့် အခြေအနေများ၊ Design Concept များနှင့် စေတီတော် ပြုပြင်တည်ဆောက်ရေးကော်မတီတွင် လိုအပ်သော ပညာရှင်များ ထပ်မံဖြည့်စွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ပညာရှင်များက စေတီတော်ကုန်းမြေတွင် Soil Test, Geotechnical Investigation, Topographic Measurement များနှင့် Detail Design များ၊ ဘုရားရင်ပြင်တွင် Cement Grouting ဖြင့် အားဖြည့်ဆောင်ရွက်မည့် အစီအစဉ်များ နည်းပညာရှုထောင့်မှ ဆွေးနွေးခဲ့ကြပြီး စေတီတော်ကြီး၏ ရှေးဟောင်းအမွေအနှစ် ဗိသုကာလက်ရာများ ထိန်းသိမ်းကြစေရန်နှင့် Closed Drainage Network ဆောင်ရွက်သင့်သည့်ကိစ္စများ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုတက်ရောက်လာသော ပညာရှင်များ၏ ဝိုင်းဝန်းအကြံပြု ဆွေးနွေးချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ရန်အတွက် အရည်အသွေးကောင်းမွန်ရန် ဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သော ဘဏ္ဍာငွေများကို ပြည်နယ်အစိုးရနှင့် ဘုရားဂေါပကအဖွဲ့က စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပညာရှင်အဖွဲ့တို့သည် ဘုရားရင်ပြင်တော်တစ်လျှောက်နှင့် မြေပြိုကျပျက်စီးသည့် အရှေ့ဘက်မုခ်နှင့် အနောက်ဘက်မုခ်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် အဆိုပြုနိုင်

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် အဆိုပြုနိုင်ပြီး အဆိုပြုလွှာပေးပို့ရမည့် အီးမေးလ်လိပ်စာမှာ upc21stcentury-panglong@gmail.com ဖြစ်၍ အဆိုပြုလွှာများကို ၄-၇-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပေးပို့ရန် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ
နေပြည်တော်

ဓာတ်ပုံ

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် အဆိုပြုလွှာ**

၁။ အမည်(အခြားအမည်) -
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -
၃။ မွေးသက္ကရာဇ်(အသက်) -
၄။ ပညာအရည်အချင်း -
၅။ လက်ရှိအလုပ်အကိုင် -
၆။ လက်ရှိဌာန/အဖွဲ့အစည်း -
၇။ မိဘအမည် -
၈။ လက်ရှိနေရပ်လိပ်စာနှင့် ဖုန်းနံပါတ် -
၉။ တက်ရောက်လိုသည့် ရည်ရွယ်ချက် -
၁၀။ လေ့လာသူအဖြစ် တက်ရောက်ခွင့်ရရှိပါက ညီလာခံလေ့လာသူများအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါမည်ဖြစ်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ၊ --------------------------
အမည် ၊ --------------------------
ရက်စွဲ ၊ --------------------------

မှတ်ချက်။ (၁) အီးမေးလ်လိပ်စာ upc21stcenturypanglong@gmail.com သို့ အဆိုပြုလွှာ ပေးပို့ရန်။
(၂) အရေးအတွက် ကန့်သတ်ထားပါသဖြင့် ၄-၇-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်။
(၃) ခရီးစရိတ်နှင့် တည်းခိုနေထိုင်စရိတ်များ မိမိအစီအစဉ်ဖြင့်သာ ကျခံရန်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး လေ့လာသူအဖြစ် တက်ရောက်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် သတ်မှတ်ထားသော နေရာတွင်သာ နေရာယူရမည်။
၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ်တက်ရောက်သူများသည် အစည်းအဝေးခန်းအတွင်းသို့ ရောက်သည်နှင့် မိမိတို့၏ လက်ကိုင်ဖုန်းများကို ပိတ်ထားရမည် (သို့မဟုတ်) အသံတိတ်အနေအထားတွင် ထားရမည်။
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ်တက်ရောက်သူများသည် ဆွေးနွေးပွဲများကျင်းပနေစဉ်အတွင်း ဝင်ရောက်ဆွေးနွေးခြင်း၊ ကြားဖြတ်ပြောဆိုခြင်း၊ အကြံပြုဆွေးနွေးခြင်းများ မပြုလုပ်ရ။
၄။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဆွေးနွေးမှုများကို အသံဖမ်းခြင်း၊ ဗီဒီယိုရိုက်ခြင်း မပြုလုပ်ရ။
၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံ၊ ညီလာခံနှင့် ပတ်သက်သည့် အဖွဲ့အစည်း (သို့မဟုတ်) ကော်မတီများ၊ ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့် ပြောဆိုပြုမူမှုများ မပြုလုပ်ရ။
၆။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံသို့ အချိန်မီတက်ရောက်ရန်နှင့် ညီလာခံမှ ခွင့်ပြုချိန်အထိ တက်ရောက်ရမည်။
၇။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံတွင် ဆွေးနွေးသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ပြန်လည်ပြောဆိုရေးသားရာတွင် ဆွေးနွေးသည့် ကိုယ်စားလှယ်နှင့် အဖွဲ့အစည်းများ၏အမည်ကို ဖော်ပြခြင်းမပြုလုပ်ရ (Chatham House Rule)
၈။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် အထက်ပါ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ညီလာခံတက်ရောက်ခွင့် ရပ်ဆိုင်းမည်။

# လေးစားအားကျအတုယူဖွယ်ရာ သူလိုအာဇာနည်၊ သူလိုခေါင်းဆောင်

ဒေါက်တာမြတ်မိုး

မြန်မာ့သမိုင်းတွင် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ကျန်စစ်သားတို့နောက်ပိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးကို စွမ်းဆောင်ပေးခဲ့သူ၊ ပြည်မနှင့် တောင်တန်း တညီတညွတ်တည်း လွတ်လပ်ရေးကို အာမခံချက်ပေးမည့် သမိုင်းဝင်ပင်လုံစာချုပ်ကို ဦးဆောင်ချုပ်ဆိုပေးခဲ့သည့် နိုင်ငံ့ခေါင်းဆောင်၊ ကိုယ်ကျိုးစွန့်ပြီး လွတ်လပ်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်၍ လုပ်ဆောင်ခဲ့သည့် လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း . . . . . ။

လွတ်လပ်ရေးပန်းတိုင်ဝင်ခါနီး ယခုကဲ့သို့ မသမာသူလူတစ်စု၏ လုပ်ကြံမှုကိုသာ မခံခဲ့ရလျှင် (၇၁)နှစ်ကြာ မြန်မာနိုင်ငံတော်ကြီးသည် စည်းလုံးညီညွတ်သော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ခုအဖြစ် ရပ်တည်နေနိုင်မည်ဟု အပြုသဘော အတွေးနယ်ချဲ့မိပါသည်။ လိုအပ်ချက်၊ အားနည်းချက်၊ စိန်ခေါ်မှုများစွာနှင့် ရုန်းကန်နေရပြီး ဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်း ရယူကြိုးပမ်းတည်ဆောက်နေရသော မတူကွဲပြားခြားနားမှုများနှင့် ပြည့်နှက်နေသော နိုင်ငံအတွက်လည်း နိုင်ငံ့အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်ထံမှ လေးစားအားကျအတုယူဖွယ်များကို အမြဲလေ့လာထုတ်နုတ်၊ သုံးသပ် အသုံးချနေရမည်သာဖြစ်သည်ဟု ဆင်ခြင်မိပါသည်။



### စာပေမြတ်နိုးသူ

မြန်မာ့လွတ်လပ်ရေးဗိသုကာတစ်ဦးအဖြစ် တင်စားခံရသော ဗိုလ်ချုပ်သည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက လွတ်လပ်ရေးတစ်ခုတည်းကိုသာ ပြင်းပြင်းပြပြ အာရုံစိုက်သူဖြစ်သည်။ စာရေးပြီး စာဖတ်ဝါသနာပါသူဖြစ်သည်။ တိုင်းပြည် ကျွန်ဖြစ်နေစဉ်ဘဝ တိုင်းပြည်အကျိုးရှိမည့် စာပေများရေးသားရန် အာရုံစိုက်ခဲ့သည်။ နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် စာပေနှင့် မကင်းကွာမှုကို တွေ့ရသည်။ စာဖတ်ရာတွင်လည်း စနစ်ကျသည်။ သူငယ်ချင်းများနှင့် စကားဖွဲ့မှု ရံဖန်ရံခါသာရှိတတ်ပြီး စာကိုသာ ကြိုးစားသဖြင့် စာမေးပွဲတိုင်း အောင်မြင်သည်။ အင်္ဂလိပ်လိုရော ဗမာလိုပါ ပိုင်ပိုင်နိုင်နိုင် ရေးတတ်၊ ပြောတတ်သူတစ်ဦးဖြစ်သည်။

> “အနစ်နာခံကျဆုံးသွားတိုင်းလည်း အာဇာနည်ဟု မသတ်မှတ်နိုင်ပါ။ တကယ်စစ်မှန်သည့် အာဇာနည်ဟူသည် မှန်ကန်မြင့်မြတ်ပြီး ဆင်ခြင်တုံတရားရှိသော သူရဲကောင်းစိတ်ဓာတ်ရှိသူဟု နားလည်ထားပါသည်။ ကိုယ့်အတွက်ထက် အများအကျိုးအတွက် ရှေးရှုသူ၊ တန်ဖိုးရှိသူ၊ ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ့်ချပြီး ဝေဖန်ပြုပြင်နေသူ၊ ကိုယ်ရဲ့အားနည်းချက်ကိုသိပြီး မာန်မတက်ဘဲ သူတော်ကောင်းစိတ်ဓာတ်ရှိသူကို အာဇာနည်ဟု သတ်မှတ်ထိုက်”

### အမျိုးသားခေါင်းဆောင်

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သော ဗိုလ်ချုပ်သည် အသက် ၂၀ အရွယ်ခန့်တွင်ပင် ကျောင်းသားခေါင်းဆောင်တစ်ဦး၊ အသက် ၂၄ နှစ်အရွယ်ခန့်တွင် နိုင်ငံရေးခေါင်းဆောင်များထဲတွင် တစ်ဦးအပါအဝင် ဖြစ်လာပေသည်။ အသက် ၂၈ နှစ်အရွယ်ခန့်တွင် ဘီဒီအေ စစ်သေနာပတိ ဗိုလ်ချုပ်ရာထူးဖြင့်ဆိုလျှင် ဤမျှငယ်ရွယ်သော အသက်နှင့် ကြီးကျယ်ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေဖြင့် ထူးခြားချက်များရှိနေမည်မှာ ထင်ရှားပါသည်။ လွတ်လပ်ရေးတည်းဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်အပေါ်တွင် ဆန္ဒပြင်းပြမှုဟူသော မယိမ်းမယိုင်ထားရှိသော ခေါင်းဆောင်မှုစိတ်ဓာတ်ကို တွေ့ရပေမည်။

### ခိုင်မာသော ယုံကြည်ချက်ရှိမှု

မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်တွင် ယုံကြည်ချက်နှင့် ခံနိုင်ရည်ရှိမှု၊ စွန့်လွှတ်စွန့်စားမှုများကိုလည်း တွေ့ရပေသည်။ ဒုတိယကမ္ဘာစစ် မီးတောက်လောင်စဉ် နယ်ချဲ့တို့အခက်ဖြစ်နေချိန်တွင် ဗမာအချက်အဖြစ် အခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီး နိုင်ငံချစ်စိတ်တစ်ခုတည်းဖြင့် အဆက်အသွယ်ကောင်းမရှိ၊ ဘယ်သူမှ မလုပ်နိုင်သော နိုင်ငံခြားလက်နက်အကူအညီရယူရန် ဂျပန်သို့ လျှို့ဝှက်စွန့်စားသွားရောက်၍ ရဲဘော်သုံးကျိပ်အဖွဲ့ ဖွဲ့စည်းပြီး စစ်ပညာသင်ယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဤနေရာတွင် ခေါင်းဆောင်ဟူသည် **“အချိန်အခါလိုက်ပြီး လုပ်သင့်သည်ကို လုပ်ရမည်၊ အသက်စွန့်သင့်သည့်နေရာတွင် စွန့်ရဲရမည်”**ဟူသော ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့်ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမှုမျိုးကို တွေ့ရှိရပေသည်။ ဂျပန်ခေတ် လွတ်လပ်ရေးသည် အစစ်အမှန်မဟုတ်သေး၊ ဆက်လက်တိုက်ယူရမည်ဆိုသည့် နိုင်ငံရေးအမြော်အမြင်ကြီးမှုကိုလည်း တွေ့မြင်ခဲ့ရပေသည်။

### ရိုးသားဖြောင့်မတ်မှု

လူသားတစ်ဦးအနေဖြင့် ဗိုလ်ချုပ်၏ ငယ်စဉ်ဘဝ ရိုးသားဖြောင့်မတ်မှုကိုလည်း မှတ်သားမိပါသည်။ ဝယ်ဈေးထက် မရိုးမဖြောင့် ဈေးတင်ပြောမိသော မိခင်ဒေါ်စုအား ဈေးဝယ်သူများရှေ့တွင်ပင် သဘောမကျပြောဆိုတတ်မှု၊ ဗိုလ်ချုပ်က မိမိကလေးများအား ကိုယ်ကျင့်တရားကောင်းစေရန်၊ မှန်ကန်ဖြောင့်မတ်ရန်၊ အရေးကြီးပုံကို သူနှင့်နှီးလျက် ဇနီး ဒေါ်ခင်ကြည်အား သင်ပေးရန် ပြောဆိုမှု၊ မြန်မာ့လွတ်လပ်ရေးကို ပေးမည်အထင်နှင့် ဖက်ဆစ်ဂျပန်ကို အထင်ကြီးလေးစား၍ ပူးပေါင်းမိခဲ့ခြင်းကို မိမိကိုယ်မိမိ ပြန်လည်ဝေဖန်ဆန်းစစ်၍ မှားယွင်းမှု၊ ချွတ်ယွင်းမှုများကို ပွင့်လင်းမြင်သာစွာ ပြန်လည်ဝန်ခံတတ်၍ ရိုးသားတည်ကြည်မှုကို ပြသခဲ့မှုများသည် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းများပင် မဟုတ်ပါလော။ လူထုခေါင်းဆောင်ဖြစ်လာသည့်အခါတွင်လည်း လူထုကို မည်သည့်အခါမှ မလှည့်စားတတ်သော၊ တည်ကြည်ဖြောင့်မတ်မှု၊ ရိုးရိုးကျင့်မြင့်မြင့်ကြံ ဂုဏ်ပုဒ်များသည် လူထုနှင့် ခွဲမရအောင် မကြည်ညိုဘဲ မနေနိုင်သော ဂုဏ်ပုဒ်များပင်ဖြစ်သည်။

### ကြီးကြပ်လမ်းညွှန်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆက်ဆံရေးကောင်းမွန်မှု

စီမံအုပ်ချုပ်မှု၊ ကြီးကြပ်လမ်းညွှန်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု သဘောတရားများသည်လည်း ဗိုလ်ချုပ်ထံတွင် ပြည့်စုံလှပေသည်။ ၁၉၄၇ ခုနှစ် ဆိုရှယ်တိုဗီလာ ပြန်လည်ထူထောင်ရေးညီလာခံအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေစဉ်ကာလ၊ ထိုအချိန်ကာလက တိုင်းပြည်တွင် ကုန်ဈေးနှုန်းများကြီးမြင့်နေပြီး ငြိမ်ဝပ်ပိပြားမှု ကျဆင်းနေသည့်အချိန်ကာလလည်းဖြစ်ပါသည်။ လက်အောက်ဝန်ထမ်းများအား အရေးကြီးတာဝန်ပေးဆက်ဆံရာတွင် ပြေပြစ်ချောမွေ့သောနည်းဖြင့် တာဝန်ပေးသည့် နည်းပရိယာယ်၊ ကိုယ်နှင့်သဘောထားချင်းမတိုက်ဆိုင်လျှင် အတိုက်အခံဖြစ်လျှင်တောင်မှ နေရာပေးဖိတ်ခေါ်ပါဝင်စေပြီး သဘောထားကြီးမှု၊ အမြင်ကျယ်မှု၊ မျှတမှုများကို ပြသနိုင်ခဲ့သည်ကို တွေ့ရပါသည်။

အလွန်အရေးကြီးသော တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြဿနာများကို ဆွေးနွေးရာတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကွာဟချက်များ မကြီးမားစေရန် လိုက်လျောညှိနှိုင်းပေးမှုများ ပြုလုပ်နိုင်ခဲ့သည်။ ပြဿနာကို ရှင်းပြတတ်ပြီး သူ့အမြင်ထက် အများအမြင်ကို ဆွေးနွေးစေသည်။ ဆုံးဖြတ်ချက်မချမီ အတွေ့အကြုံရှိသူများ၏ အကြံဉာဏ်ကို ရယူလေ့ရှိသည်။ လက်ရုံးရည်တိုက်ပွဲနှင့် နှလုံးရည်တိုက်ပွဲကို နေရာမှန်ကန်စွာ အသုံးချတတ်သည်။ အုပ်ချုပ်ရေးအတွေ့အကြုံ အားနည်းသော်လည်း စိတ်သဘောထားမှန်မှု၊ စေတနာရှိမှု၊ ရိုးသားမှု၊ တာဝန်ယူတာဝန်ခံတတ်မှုတို့က ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရသည်။ ရှုထောင့်အမျိုးမျိုးမှ ပွင့်လင်းစွာ ဆွေးနွေးတင်ပြမှုများကို စိတ်ရှည်စွာနားထောင်ပေးသည့် အူမတောင့်မှ သီလစောင့်နိုင်မည်ဟူသော သဘောတရားကို ဗိုလ်ချုပ်က အကိုးအကားအထောက်အထားများဖြင့် ချဲ့ကားပြောဆိုထောက်ပြပြီး အစည်းအဝေးနောက်ဆုံးတွင် အားလုံးသဘောတူညီမှုဖြင့် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

### ရောင့်ရဲတင်းတိမ်မှုနှင့် ဩဇာမသုံးမှု

ဂျပန်ခေတ် ဗိုလ်တေဇအမည်ခံ ဗိုလ်ချုပ်ဦးဆောင်၍ မြန်မာပြည်ထဲပြန်ဝင်လာပြီး အစိုးရ ဖွဲ့စည်းရာတွင် တစ်တိုင်းပြည်လုံးက ကြည်ညိုသည်မှာလည်း အစိုးရထက် ဗိုလ်ချုပ်ကိုပင် ဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ်၏ စကားတစ်ခွန်းသည် အရှိန်အဝါကြီးလွန်းသည်။ မိမိဩဇာသုံး၍ ကိုယ်ကျိုးသာရှာမည်ဆိုလျှင် ချမ်းသာကြွယ်ဝမည်မှာ အမှန်ဖြစ်သော်လည်း မိမိစိတ်ကိုမိမိ နိုင်နိုင်နင်းနင်း ထိန်းချုပ်သွားနိုင်သည်ကိုလည်း တွေ့ရသည်။ တန်ခိုးဩဇာကြီးမားသော်လည်း အာဏာကို အလွဲသုံးစားမလုပ်ဘဲ တိုင်းပြည်ကို သစ္စာမဖောက်ခဲ့ပါ။

### သူရဲကောင်းစိတ်ဓာတ်

ဗိုလ်ချုပ်သည် ဖက်ဆစ်ကိုတော်လှန်ရန် **“သေလျှင်လည်းသေ၊ မသေလျှင်လည်း မြန်မာပြည်ကြီးလွတ်လပ်ရေး သေချာအောင်လုပ်ရမည်”**ဆိုသည့် ယုံကြည်ချက်၊ အင်အားကြီးမားသော ရန်သူကို မလျှော့သော ဇွဲလုံ့လ၊ မကြောက်ရွံ့သော စိတ်ဓာတ်ဖြင့် စစ်ထွက်ခဲ့သည်။ တိုက်ပွဲဖြစ်စဉ်တွင်ပင် ကျည်ဆန်များကြားမှ လက်နက်ကိုင် မိမိစစ်သည် အနားသွား၍ ကွပ်ကဲစီမံခန့်ခွဲခြင်းဖြင့် ရဲဝံ့စွန့်စားမှုကို ပြသနိုင်ခဲ့သည်။

### စည်းရုံးရေးခေါင်းဆောင်ကောင်း

မြန်မာနိုင်ငံတွင် တောရောမြို့ပါမကျန် ကလေးလူကြီးမကျန်၊ တိုင်းရင်းသားလူမျိုးအားလုံး၏ အသည်းနှလုံးကိုပါ သိမ်းကျုံးစည်းရုံးနိုင်စွမ်းသော၊ ရှားပါးသော ခေါင်းဆောင်များအနက် ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံး၏ စေတနာ၊ မေတ္တာ၊ ကရုဏာကိုရရှိခဲ့ပြီး ကချင်၊ ကရင်၊ ချင်း၊ ရှမ်းတိုင်းရင်းသားအားလုံး၏ ယုံကြည်ကိုးစားမှုကို ရရှိခဲ့သူဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝ မျိုးချစ်စိတ်ရှိကြသူ ကျောင်းသားချင်းအတူတူ ပြင်းပြသော မျိုးချစ်စိတ်နှင့် သာမန်မဟုတ်သော ခံယူချက်၊ ယုံကြည်ချက်များက ကျန်ကျောင်းသားများ၏ စည်းရုံးမှုကိုရယူကာ တစ်ပြည်လုံး၏ ကျောင်းသားခေါင်းဆောင်အဖြစ် ရွေးချယ်ခံရသည်။

ဗြိတိသျှဘုရင်၊ ဘုရင်မက ခန့်ထားသော၊ ဘုရင် ဘုရင်မကိုသာ တာဝန်ခံရသော လူတော်မြန်မာနိုင်ငံသားဝန်ထမ်းများကိုလည်း နိုင်ငံပြန်လည်ထူထောင်ရာတွင် သစ္စာရှိရှိ တစ်တပ်တစ်အားပါဝင်ထမ်းဆောင်ရန် စည်းရုံးနိုင်သော သာဓကများလည်း ရှိခဲ့ပါသည်။ တော်လှန်ရေးအခြေခံသော တပ်မတော်ကိုလည်း နိုင်ငံ၏တစ်ခုတည်း ရှိရမည့် လက်နက်ကိုင်အင်အားစုအဖြစ် နိုင်ငံကာကွယ်ရေးကို အပြည့်အဝတာဝန်ယူသော ခေတ်မီအဖွဲ့အစည်းအဖြစ် တည်ထောင်သတ်မှတ်ခဲ့သည့် တပ်မတော်ခေါင်းဆောင်လည်းဖြစ်ပါသည်။ လွတ်လပ်ရေးတိုက်ပွဲဝင် လက်ဝဲလက်ယာဝါဒီ နိုင်ငံရေးသမားများကို တန်ဖိုးထား၍ ဂိုဏ်းဂဏစွဲစိတ်များ ကင်းဝေးစေ၍ အယူအဆကို ပဓာနမထားဘဲ စည်းရုံးရေးကိုရှေးရှု၍ နေရာပေးစည်းရုံးနိုင်ခဲ့ပါသည်။

### အာဇာနည်စိတ်ဓာတ်

အနစ်နာခံကျဆုံးသွားတိုင်းလည်း အာဇာနည်ဟု မသတ်မှတ်နိုင်ပါ။ တကယ်စစ်မှန်သည့် အာဇာနည်ဟူသည် မှန်ကန်မြင့်မြတ်ပြီး ဆင်ခြင်တုံတရားရှိသော သူရဲကောင်း စိတ်ဓာတ်ရှိသူဟု နားလည်ထားပါသည်။ ကိုယ့်အတွက်ထက် အများအကျိုးအတွက် ရှေးရှုသူ၊ တန်ဖိုးရှိသူ၊ ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ့်ချပြီး ဝေဖန်ပြုပြင်နေသူ၊ ကိုယ်ရဲ့အားနည်းချက်ကိုသိပြီး မာန်မတက်ဘဲ သူတော်ကောင်းစိတ်ဓာတ်ရှိသူကို အာဇာနည်ဟု သတ်မှတ်ထိုက်ပါသည်။

### အာဇာနည်များစွာ လိုအပ်

အသက် ၃၂ နှစ်အရွယ်နှင့်ကျဆုံးခဲ့သော ဗိုလ်ချုပ်၏ အတွေးအမြင်၊ အယူအဆ၊ ခေါင်းဆောင်မှု၊ နိုင်ငံနှင့်ပြည်သူအတွက် စွန့်လွှတ်အနစ်နာခံမှုများမှာ ထူးခြားလှပေသည်။ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို ရအောင်တည်ဆောက်၍ ဖြစ်ပေါ်လာသော ပင်လုံစာချုပ်နှင့်အတူ လွတ်လပ်ရေးကြီးကို ရအောင်ယူနိုင်ခဲ့ပေရာ ဗိုလ်ချုပ်ကို ချစ်လှပါသည်ဆိုသော ရဟန်းရှင်လူပြည်သူအပေါင်း လူငယ်လူလတ်လူကြီးမကျန် အားလုံးသည် ဗိုလ်ချုပ်၏ သာလွန်မြင့်မြတ်သော အရည်အသွေးနှင့် လမ်းစဉ်ကို လိုက်နာ၍ နိုင်ငံ၏ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရန် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်ထောင်စုမပြိုကွဲရန်အတွက် အလေးထား ဆောင်ရွက်ကြရန် ကျွန်ုပ်တို့နိုင်ငံတွင် အာဇာနည်များစွာ လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၃၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအတွက် အမျိုးသားမူးယစ်ဆေးဝါးမူဝါဒကို ထုတ်ပြန်ကြေညာပြီးဖြစ်သဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက် အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



### စီမံချက်တစ်ရပ်ရေးဆွဲနိုင်

ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသဖြင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဇွန် ၂၆ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတမိန့်ကြားခဲ့သည့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက်မှ တစ်ခုဖြစ်သော မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် မှာကြားခဲ့ပါကြောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များအားလုံး စိတ်ရှည်ခြင်း၊ ဇွဲရှိခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်းများဖြင့် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ရေး၊ မူးယစ်ဆေးဝါးသံသရာမလည်စေရန်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးနိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နည်းစနစ်တကျ သင်ကြားလေ့ကျင့်ပေးနိုင်သည့် ဝန်ထမ်းနှင့် စေတနာရှင်လူငယ်များ မွေးထုတ်ပေးနိုင်ရေး၊ ရှေ့လုပ်ငန်းစဉ်များအတွက် ကောင်းမွန်သော စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### ညှိနှိုင်းအကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာကြသော ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း(မန္တလေး)တို့မှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မူးယစ်ပြန်လည်ထူထောင်ရေး ဆရာဖြစ်သင်တန်းနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်သူသင်တန်းများတွင် အသုံးပြုရန် နိုင်ငံတကာလမ်းညွှန်များနှင့် လိုက်လျောညီထွေဖြစ်ပြီး မိမိနိုင်ငံနှင့် သင့်လျော်မည့် သင်တန်းလက်စွဲ၊ လမ်းညွှန်ပြုစုထုတ်ဝေ အသုံးပြုနိုင်ရေးနှင့် ယခုကာလတိုအတွင်း ဖွင့်လှစ်မည့် စွမ်းရည်မြှင့်သင်တန်းများအတွက် ဆက်လက်ညှိနှိုင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

### တာဝန်ရှိသူများတက်ရောက်

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုကော်မတီဝင်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း (မန္တလေး)တို့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၃၀**

၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲမှူးချုပ် မျိုးဆွေဝင်း၊ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်အောင်နှင့် အရာရှိကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ National Programme Specialist ဒေါက်တာဝင်းမာနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် UNODC မှ National Programme Specialist ဒေါက်တာ ဝင်းမာတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်အောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ပုံစံများရေးဆွဲထားသည့် ခေတ်စုံ အလှစုံ(၃) ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့ခံ ပန်းချီဆရာ ဦးမာလာမှ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပုံစံများ ရေးဆွဲထားသည့် ခေတ်စုံ အလှစုံ (၃) ပန်းချီပြပွဲကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင် ပြသခဲ့သည့် ခေတ်စုံ အလှစုံ ပြပွဲများမှာ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုများကို ပြသခဲ့ခြင်းဖြစ်ပြီး ယခုပြပွဲတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာဝတ်စားဆင်ယင်မှုဓလေ့များကို ဖော်ထုတ်ဂုဏ်ပြုရေးဆွဲ၍ ပြသမည့် ပြပွဲဖြစ်ကြောင်း ပန်းချီဆရာ ဦးမာလာက ပြောသည်။

အဆိုပါ ပြပွဲတွင် ရေဆေးရွက်ပြည့် ၃၂ ကားခန့်နှင့် အက်ခရိုင်းလစ်ပန်းချီကား ငါးကားခန့် ပါဝင်ပြသသွားမည်ဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် တခြားသော တိုင်းရင်းသား စုစုပေါင်း ၁၅ မျိုးကျော် ပါဝင်ပြသသွားမည် ဖြစ်သည်။

ခေတ်စုံ အလှစုံ(၁) ပန်းချီပြပွဲအား ၂၀၁၆ ခုနှစ်တွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ လည်းကောင်း၊ ခေတ်စုံ အလှစုံ (၂) ပန်းချီပြပွဲအား ၂၀၁၇ ခုနှစ်တွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မန္တလေးနန်းမြို့ ကျုံးတစ်ပတ်အပြေးပြိုင်ပွဲ မန္တလေး၌ကျင်းပ ပြိုင်ပွဲဝင် အပြေးသမားမောင်မယ် ၁၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

**မန္တလေး ဇွန် ၃၀**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မန္တလေးနန်းမြို့ ကျုံးတစ်ပတ်အပြေးပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်းရှေ့မုခ်ဦးရှေ့ တာလွှတ်စုရပ်နေရာတွင် ယနေ့နံနက် ၅ နာရီခွဲက ကျင်းပရာ မန္တလေးမြို့နှင့် မန္တလေးအနီးတစ်ဝိုက်မှ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အား/ကာသိပ္ပံကျောင်း၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း၊ ပညာရေးကောလိပ်တို့နှင့် အပြေးဝါသနာရှင်ပြည်သူများ ၁၃၀၀ ကျော်တို့က မိုးရွာသွန်းနေသည့်ကြားမှ သတ်မှတ်တာလွှတ် စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အပြေးအားကစားသမား မောင်မယ် ၁၃၀၀ ကျော်တို့က စုရပ်မှ ၇၁ လမ်းအတိုင်း ကျုံးတောင်ဘက် ၂၆လမ်းအတိုင်း လမ်း ၈၀ သို့ ထိုမှ ၁၂ လမ်းကျုံးမြောက်ဘက်မှ ၆၆ လမ်း၊ ဆက်လက်၍ ကျုံးအရှေ့ဘက် ၆၆ လမ်းမှ ၂၆ လမ်းအတိုင်း ၇၁ လမ်းထိ ဗထူးကွင်းအထူးတန်းရှေ့အထိ ကျုံးတစ်ပတ် ယှဉ်ပြိုင်ပြေးကြပြီး ပန်းဝင်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အား/ကာမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များက ဆုတံဆိပ်များဖြင့် ကြိုဆိုအားပေးနှုတ်ဆက်ကြပြီး အချိုရည်ဘူးများနှင့် ငှက်ပျောသီးများ ပေးဝေခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဗထူးကွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမဆုရ မောင်မိုးဦးကို ဆုငွေကျပ် နှစ်သိန်းငါးသောင်းနှင့် မြဖူးငုံကို ဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရ မောင်ဇော်ထက်နှင့် မအေးအေးမြို့တို့ကို ဆုငွေကျပ်တစ်သိန်းငါးသောင်းစီ၊ တတိယဆုရ မောင်ကောင်းပြည့်စုံနှင့် မသီတာဦးတို့ကို ဆုငွေကျပ်တစ်သိန်းစီ၊ စတုတ္ထဆုရ မောင်မိုးကိုကိုနှင့် မအေးကြွယ်မျိုးတို့ကို ဆုငွေကျပ်ခုနစ်သောင်းစီနှင့် ပဉ္စမဆုရ မောင်ပန်းလေးနှင့် မသောင်းနူတို့ကို ဆုငွေကျပ်ငါးသောင်းစီ၊ ဆဋ္ဌမဆုရ မောင်အောင်မြင့်မြတ်နှင့် မသူဇာနွယ်တို့ကို ငွေကျပ်သုံးသောင်းစီ၊ သတ္တမဆုရ မောင်ဇင်မင်းဦးနှင့် မညီဆောင်ဦးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ဆုငွေများ ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက ဆဋ္ဌမဆုမှ ဒသမ၊ အဆင့်(၈)မှ အဆင့်(၁၀)နှင့် သတ်မှတ်ချိန်အတွင်း ပန်းဝင်သူ ၁၀၀ တို့ကို ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မန္တလေးနန်းမြို့ ကျုံးတစ်ပတ်အပြေးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြသူများကို တွေ့ရစဉ်။

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှတ်စု

# မူးယစ်၊ အရက်စွဲပါက ပျောက်ကင်းအောင်ကုနိုင်ပါတယ်

ခင်ရတနာ

မည်သူမဆို စွဲလမ်းစေတဲ့ မူးယစ်နှယ်ဝင်အရာတစ်ခုခုကို သုံးစွဲနေပြီဆိုရင်တော့ ကုသဖို့ကြိုးစားရပါတော့မယ်။ ပျောက်ကင်းအောင်ကုသနိုင်သလို မူးယစ်ဆေးသုံးနေသူတွေ အတွက် အရင်ကလို အဖမ်းအဆီးခံရမှာမျိုးကိုလည်း စိုးရိမ်စရာမလိုတော့ပါဘူး။ လူနာတွေကို အကောင်းဆုံးကုသပေးတာတွေ၊ နွေးထွေးစွာဖေးမပေးတာတွေနဲ့ နှစ်သိမ့်ပညာပေးအစီအစဉ်ကောင်းတွေ အများကြီးရှိလာပါပြီ။ မိသားစုဝင်တွေကလည်း အရက် ဒါမှမဟုတ် မူးယစ်ဆေးစွဲနေသူအပေါ်ကို နားလည်ပေးဖို့ အသိပညာတွေနဲ့ လူနာတွေခံစားရတဲ့ စိတ်ရောဂါအခြေအနေကိုသိဖို့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါတွေကလည်း ပြည်သူနဲ့လက်တစ်ကမ်းမှာရှိနေပြီး ကူညီပေးနေတဲ့ လူမှုအဖွဲ့အစည်းတွေဟာလည်း အများကြီးရှိနေတာကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရပါတယ်။



## ဆေးကြောင်တယ်ဆိုတာ ဘာလဲ

လူငယ်တွေမှာ အရက်နဲ့မူးယစ်ဆေးတွေ စမ်းသပ်သုံးကြတဲ့ အခါကနေ စွဲလမ်းပြီး ကြာလာပြီးမှ စိတ်ရောဂါတွေဖြစ်လာတာလည်း ရှိပါတယ်။ များများစွဲလမ်းလာကြတာနဲ့ ထပ်ဆင့်စိတ်ရောဂါက ဆက်တိုက်ဖြစ်လာပါတော့တယ်။ ဒီလိုလူတွေဟာ စိတ်အလွန်ကျပြီး ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်တာမျိုး၊ ဒေါသတွေမလိုအပ်ဘဲ ထွက်ပြီး လူသတ်မှုကျူးလွန်တာမျိုးနဲ့ နားထဲမှာ အသံတွေကြားလာတာမျိုးကလည်း ပူးတွဲစိတ်ရောဂါတွေဖြစ်ပါတယ်။ ဒါတွေကို ဆေးကြောင်တယ်လို့ အရပ်ထဲမှာတော့ ပြောကြပါတယ်။ ခြွင်းချက်ကတော့ အချို့ဆေးစွဲ၊ အရက်စွဲရောဂါ အဆင့်မြင့်လာရင်လည်း စိတ်ရောဂါလက္ခဏာနဲ့ ဆင်တူနေတတ်ပါတယ်။

## ပူးတွဲစိတ်ရောဂါအကြောင်းသိထားဖို့လို

မူးယစ်ဆေး၊ အရက်စွဲတဲ့အခါ နောက်ဆက်တွဲအဖြစ် စိတ်လှုပ်ရှားမှုဆိုင်ရာ ရောဂါတစ်မျိုးမျိုးကို ပူးတွဲခံစားရနိုင်ပါတယ်။ Dual Diagnosis လို့ခေါ်ပြီး အရက်စွဲသူစုစုပေါင်းရဲ့ ၃၇ ရာခိုင်နှုန်းနဲ့ မူးယစ်ဆေးစွဲသူတွေရဲ့ ၅၃ ရာခိုင်နှုန်းမှာ ခံစားနေကြရတာပါ။ အရက်စွဲသူ သုံးဦးမှာ တစ်ဦးနဲ့ မူးယစ်ဆေးစွဲသူ နှစ်ဦးမှာ တစ်ဦးဟာ ပူးတွဲစိတ်ရောဂါခံစားရတာဖြစ်ပြီး ပူးတွဲစိတ်ရောဂါကိုလည်း ကုသနိုင်ပါတယ်။

အဲဒီလို ပူးတွဲစိတ်ရောဂါအမျိုးအစားတွေက စိတ်ကျရောဂါ (စိတ်ဓာတ်အတက်၊ အကျ ဖြစ်တဲ့ရောဂါ)၊ စိုးရိမ်စိတ်လွန်ကဲတဲ့ရောဂါနဲ့ စိတ်ကစဉ့်ကလျားရောဂါ (Schizophrenia နဲ့ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းတဲ့ရောဂါမျိုး)တွေ ဖြစ်လာတာပါ။ အရက် ဒါမှမဟုတ် မူးယစ်ဆေး မစွဲလမ်းခင်ကတည်းက စိတ်ရောဂါက စဖြစ်လာတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ စိုးရိမ်စိတ်လွန်ကဲသူတွေဟာ စိတ်တည်ငြိမ်အောင်၊ အများအမြင်မှာ ပုံမှန်လို့ ထင်ရအောင် အရက်တို့၊ မူးယစ်ဆေးတို့ကို ရဲဆေးအနေနဲ့ သုံးတာပါ။ အလုပ်ပင်ပန်းသူတွေနဲ့ အိမ်နဲ့ အဆင်မပြေသူတွေဟာလည်း စိတ်ငြိမ်အောင်၊ ခံနိုင်ရည်ရှိအောင်သုံးကြပါတယ်။ ဒါကို Self Medication (ကိုယ့်ကိုယ်ကိုယ် ဆေးကုတဲ့သူတွေ)လို့ ခေါ်ပါတယ်။ ဒီလို သုံးနေရင်းနဲ့မှစွဲသွားပြီး ရောဂါနှစ်မျိုးတစ်ပြိုင်နက်ခံစားလာရပါတော့တယ်။



## ဆေးဖြတ်မယ်၊ အရက်ဖြတ်မယ်

ဆေးဖြတ်တာ၊ အရက်ဖြတ်တာကို ကုသဖို့အတွက် စွဲနေသူတိုင်း ကြောက်ရွံ့တတ်ကြပါတယ်။ သေမတတ်ခံစားရတယ် ဆိုပြီးလည်း စွဲလမ်းသူတွေကပြောတတ်ပါတယ်။ ဒါကတော့ ဟိုးယခင်က ကုထုံးတွေကြောင့်လည်း ဖြစ်ပါတယ်။ အရင်ကုထုံးတွေဟာ တုံးတိဖြတ်ပြီး ကုသတဲ့အတွက် ခံစားမှုကလည်း ကြောက်မယ်ဆိုရင် ကြောက်လောက်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ဆေးအဆိပ်ဖြေကုသတာကို အန္တရာယ်ကင်းကင်း၊ နာကျင်မှုကင်းကင်းနဲ့ ကုပေးနေပြီဖြစ်ပါတယ်။ လူနာရဲ့ ခန္ဓာကိုယ်ထဲက အရက်နဲ့မူးယစ်ဆေးတွေ လျော့ပါးသန့်စင်သွားအောင် ကုသပေးတာဖြစ်ပြီး အများအားဖြင့်တော့ ရက်သတ္တပတ် တစ်ပတ်ကနေ သုံးပတ်သာကြာမြင့်တတ်ပါတယ်။

ဆေးအဆိပ်ပြေသွားရင်တော့ ပြန်လည်ထူထောင်ပေးရမှာပါ။ ပြန်လည်ထူထောင်ပေးရာမှာ တစ်ဦးချင်းရော၊ အုပ်စုလိုက်ပါ စိတ်ကုထုံးနည်းနဲ့ ကုသတာ၊ အရက်နဲ့မူးယစ်ဆေးဝါးရဲ့ အန္တရာယ်တွေကို ပြောပြပြီး ပညာပေးတာနဲ့ ပြည့်ဝတဲ့အာဟာရရှိအောင် ပြုစုတာ၊ ကာယကံရှင်ကို ဆေးစွဲတဲ့အကြောင်းပိုသိလာအောင်နဲ့ စွဲထားတဲ့ အရာတွေကို ပြန်ပြီးသုံးလိုတဲ့စိတ်အပေါ် အနိုင်ယူနိုင်အောင် လေ့ကျင့်သင်ကြားပေးပါတယ်။ ဥပမာဆိုရင်တော့ ဝိပဿနာနဲ့ တရားထိုင်တာမျိုး၊ ယောဂကျင့်တာမျိုးတွေလို လုပ်နိုင်ပါတယ်။ အဓိကကတော့ ဆေးပြန်မသုံးတာအပြင် ဘဝတစ်လျှောက်သာယာရေးနဲ့ စိတ်ဓာတ်ခိုင်မာရေးကိုလည်း ဖြည့်တင်းသင်ကြားပေးတာပါပဲ။



## သူတို့ကိုဘယ်လိုဆက်ဆံကြမလဲ

မိသားစုဝင်တွေနဲ့ သူငယ်ချင်းမိတ်ဆွေတွေရဲ့အားပေးကူညီမှုက ဒီအချိန်မှာအရေးကြီးပါတယ်။ နားလည်မှုပေးပြီး သူတို့အပေါ် ဝေဖန်တာ၊ နှိမ့်ချတာမျိုး မလုပ်သင့်ပါဘူး။ စိမ်းစိမ်းကားကားဆက်ဆံတာ၊ စိတ်မချတဲ့အမူအရာတွေပြတာနဲ့ သူတို့ကိုကြောက်ရွံ့နေတာမျိုး လုံးဝမဖြစ်သင့်ဘူးလို့ စိတ်ရောဂါ ပညာရှင်တွေက ဆိုပါတယ်။ သွယ်ဝိုက်တဲ့ပုံစံနဲ့ အားပေးအားမြှောက်ပြုတာလည်း မလုပ်သင့်ပါဘူး။ ငွေကြေးတွေပေးတာ၊ သနားလို့ အနည်းငယ်ပြန်သုံးခိုင်းတာမျိုးဟာ အန္တရာယ်များသလို ကုသရာမှာလည်း အနှောင့်အယှက်ဖြစ်စေပါတယ်။ သူ့ရဲ့ အားနည်းချက်အဖြစ် အမြဲပြစ်တင်ပြောဆိုနေတာ တွေဟာလည်း လူနာနဲ့ ပတ်ဝန်းကျင်အကြားဆက်ဆံရေးတွေ ပျက်ပြားပြီး တစ်အိမ်လုံးနှစ်ရှည်လများ အကြာကြီး စိတ်ဆင်းရဲနေတာကပဲ အဖတ်တင်မယ်ဆိုတာ သတိထား ဖို့လိုပါတယ်။

အားလုံးသိထားသင့်တာက အရက်နဲ့ မူးယစ်ဆေးစွဲရောဂါတွေနဲ့ ပူးတွဲဖြစ်တတ်တဲ့ စိတ်ရောဂါတွေဟာ အခြားရောဂါတွေလိုပဲ တိကျမှန်ကန်တဲ့ဆေးကုသမှုနဲ့ဆိုရင် ပျောက်ကင်းနိုင်ပါတယ်။ ဒါကြောင့် ဝေဒနာခံစားရသူတွေကို နားလည်စာနာပေးရင်းနဲ့ လမ်းကြောင်းမှန်ပေါ်ကို လျှောက်လှမ်းနိုင်ဖို့ အကူအညီတွေပေးဖို့ တိုက်တွန်းပါရစေ။ ။

> “ဆေးဖြတ်တာ၊ အရက်ဖြတ်တာကို ကုသဖို့အတွက် စွဲနေသူတိုင်း ကြောက်ရွံ့တတ်ကြပါတယ်၊ သေမတတ်ခံစားရတယ် ဆိုပြီးလည်း စွဲလမ်းသူတွေက ပြောတတ်ပါတယ်။ ဒါကတော့ ဟိုးယခင်က ကုထုံးတွေကြောင့်လည်း ဖြစ်ပါတယ်။ အရင်ကုထုံးတွေဟာ တုံးတိဖြတ်ပြီး ကုသတဲ့အတွက် ခံစားမှုကလည်း ကြောက်မယ်ဆိုရင် ကြောက်လောက်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ဆေးအဆိပ်ဖြေကုသတာကို အန္တရာယ်ကင်းကင်း၊ နာကျင်မှုကင်းကင်းနဲ့ ကုပေးနေပြီဖြစ်ပါတယ်။ လူနာရဲ့ ခန္ဓာကိုယ်ထဲက အရက်နဲ့မူးယစ်ဆေးတွေ လျော့ပါးသန့်စင် သွားအောင် ကုသပေးတာဖြစ်ပြီး အများအားဖြင့်တော့ ရက်သတ္တပတ် တစ်ပတ်ကနေ သုံးပတ်သာ ကြာမြင့်တတ်ပါတယ်”

## သမဝါယမဦးစီးဌာနမှ ပြည်သူပိုင်သိမ်း ဆိုင်ခန်းကို မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်း

**နတ်တလင်း ဇွန် ၃၀** -ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ သမဝါယမဦးစီးဌာနမှ ပြည်သူပိုင်သိမ်းဆိုင်ခန်းကို မူလပိုင်ရှင်ဆက်ခံပိုင်ခွင့်ရှိသူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ဇွန် ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးသမဝါယမ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက ဆိုင်ခန်းပြန်လည်ပေးအပ်ရခြင်းနှင့် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်ကို ပြောကြားခဲ့သည်။ ထို့နောက် တိုင်းသမဝါယမလက်ထောက်ညွှန်ကြားရေးမှူးနှင့် မူလပိုင်ရှင်ဆက်ခံပိုင်ခွင့်ရှိသူများဖြစ်သော ဦးအေးမြင့်နှင့်ဦးကျော်အောင်တို့က လက်ရောက်ပေးအပ်သောစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ အသိသက်သေလေးဦးမှ လက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်ကြပြီး ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းစာချုပ်များကို မူလပိုင်ရှင်ဆက်ခံပိုင်ခွင့်ရှိသူများအား ပေးအပ်ကြသည်။

အဆိုပါအဆောက်အအုံသည်နတ်တလင်းမြို့နယ် မြို့မရပ်ကွက် မင်းလမ်းမြောက်ပိုင်းရှိ နေအိမ်ဖြစ်ပြီး ယခင်က ယင်းအဆောက်အအုံမှာ မြို့နယ်သမဝါယမဦးစီးဌာနရုံးအဖြစ် အသုံးပြုနေရာမှ ယနေ့အချိန်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှာပြောင်းရွှေ့သွားပြီဖြစ်သည့်အပြင် အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ်အဆင့်မြှင့်တင်ဖွင့်လှစ်



လွိုင်ကော်ခရိုင်ရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွှေလျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

လွိုင်ကော် ဇွန် ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ လွိုင်ကော်ခရိုင်ရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွှေလျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက လွိုင်ကော်မြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။**

ရှေးဦးစွာ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့မျက်နှာစာ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ ကျောင်းသားကျောင်းသူများက ဘင်ခရာနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာန (Community Centre) ဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

### MOI Website မှ ထုတ်လွှင့်ဖော်ပြ

ထို့နောက် လူထုအခြေပြုဗဟိုဌာန ရှေ့မျက်နှာစာရှိ ယာယီမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ ပြည်သူလူထုအတွက် အသိပညာဗဟုသုတ ဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ပြည်သူလူထုအတွက် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သတင်းအချက်အလက်ဖြန့်ဝေမှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံနှင့်ရေဒီယို ထုတ်လွှင့်မှုဖြင့်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံပိုင်သတင်းစာများအပြင် Myanmar Digital News-MDN အမည်ဖြင့် Online မှ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ သတင်းများကို နိုင်ငံပိုင်မီဒီယာများအပြင် MOI Website မှ လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်နိုင်ရန် ဆောင်ရွက်ခြင်း၊ စာတမ်းဖတ်ပွဲများနှင့် စာအုပ်ဈေးတန်း စီစဉ်ဆောင်ရွက်ပေးခြင်း၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရန်နှင့် "မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်" ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များ ထည့်သွင်းဆောင်ရွက်ခြင်းများအပြင် သင်တန်းများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စာဖတ်ဝိုင်း၊ ပြည်သူ့စကားဝိုင်းများ ကျင်းပပြုလုပ်မှုမှစပြီး ရပ်ရွာလူထုအတွက် တန်ဖိုးရှိပြီး အသုံးဝင်သည့်နေရာ၊ လူအများစုဝေးသည့် လူထုအခြေပြုဗဟိုဌာနများဖြစ်လာစေရန် အဆင့်မြှင့်တင်မှုနှင့်အတူ ပြောင်းလဲဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

### ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန်

ထိုသို့ဆောင်ရွက်ရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်လည်း ပူးပေါင်းပြီး ရွှေလျားစာကြည့်တိုက်များအပါအဝင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် Community Centre များတွင် Book Club, Youth Club, Woman's Club များလည်း ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပနေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရ တစ်နည်းအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးနေသည့် အခွင့်အလမ်းများကို အမိအရ အသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးက ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်နေမှုများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမှု၊ ရွှေလျားစာကြည့်တိုက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒေသခံပြည်သူများကိုယ်စား ဦးမိုးဇော်အောင်လေးက လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှုနှင့် ရွှေလျားစာကြည့်တိုက် ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဟု လည်းကောင်း ပြောကြားကြသည်။

### ရွှေလျားစာကြည့်တိုက်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆောင်ရွက်သည့် ရွှေလျားစာကြည့်တိုက်ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနအတွင်းရှိ ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေကြသော ကလေးများအား ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ကစားစရာအရုပ်များ ပေးအပ်ကြသည်။

ယင်းနောက် စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှု၊ ကွန်ပျူတာသင်တန်း ဖွင့်လှစ်လေ့ကျင့်မှုများကို လှည့်လည်ကြည့်ရှုကြပြီး ၎င်းတွင် ကျင်းပသည့် လွိုင်ကော်မြို့ရှိ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) ၏ စာဖတ်ဝိုင်းကျင်းပမှုတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လုဖိုးခေါင်ကြားစခန်းသို့ သွားရောက်ကြည့်ရှု

မောင်တော ဇွန် ၃၀

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမှတစ်ဆင့် ဘူးသီးတောင်သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လုဖိုးခေါင်ကြားစခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လုဖိုးခေါင်စခန်း၌ နေအိမ်တည်ဆောက်နေမှုများနှင့် လုဖိုးခေါင်ရေတံခါးရေအဝင်၊ အထွက်များကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များကို စခန်းရှိ တာဝန်ရှိသူများအား မှာကြားသည်။

ခရီးစဉ်အတွင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် မောင်တောခရိုင်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

## ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့ သက္ကယ်ပြင် IDP Camp သို့ သွားရောက်သတင်းရယူ

**စစ်တွေ ဇွန် ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သက္ကယ်ပြင်ကျေးရွာရှိ IDP Camp သို့ သွားရောက်၍ သတင်းရယူကြသည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့သည် IDP Camp အတွင်း နေထိုင်လျက်ရှိသည့် မိသားစုဝင်များနှင့်တွေ့ဆုံပြီး နေထိုင်စားသောက်ရမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးနှင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်ပြီး သိရှိလိုသည်များအား မေးမြန်းသတင်းရယူကြသည်။ **(အောက်ပုံ)**

သတင်းမီဒီယာအဖွဲ့သည် ညနေပိုင်းတွင် စစ်တွေလေဆိပ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်သူရ၊ ဟန်လင်းနိုင်**



# လွိုင်ကော်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

**လွိုင်ကော် ဇွန် ၃၀**

လွိုင်ကော်မြို့ရှိ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)၏ စာဖတ်ဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက လွိုင်ကော်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။




စာဖတ်ဝိုင်းသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

စာဖတ်ဝိုင်းတွင် စာရေးဆရာ အောင်သင်း၏ "နှလုံးသားကိုလေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်အကြောင်းကို စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဥက္ကဋ္ဌ ဦးစိုးရာဇာဝင်း (စာရေးဆရာ စိုးညွန့်ဝေ-လွိုင်ကော်)၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဇင်မင်းထွန်း (ရွှေလွိုင်ကော်-ပရဟိတအသင်း)၊ ဒေါက်တာယုယုထွန်း(လွိုင်ကော်တက္ကသိုလ်)၊ ဦးအောင်နိုင်(ရွှေဗဟိုအထည်ဆိုင်)နှင့် စိုင်းအောင်သူလင်း (အထက်တန်းရှေ့နေ)တို့က Book Review ပြုလုပ်ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် စာပေချစ်မြတ်နိုးသူများအသင်း (Book Club) မှ ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်၊ မြို့နယ်ရုံးများနှင့် ပြည်သူ့စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးလျက်ရှိရာ အဆိုပါနေရာများ၌ စာပေဝါသနာပါသူများ စုစည်း၍ စာပေချစ်မြတ်နိုးသူများအသင်း (Book Club) များ ဖွဲ့စည်းကာ စာပေစကားဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများနှင့် စာအုပ်စာစောင် ဝေဖန်သုံးသပ်ပွဲများပြုလုပ်၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နတ်တလင်း၌ ယနေ့ခေတ်လူနေမှုဘဝနှင့် ကျန်းမာရေး ပြည်သူ့စကားဝိုင်းကျင်းပ

**နတ်တလင်း ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော ယနေ့ခေတ် လူနေမှုဘဝနှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီ က ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်နှင့် ဦးမောင်မောင်ဦးတို့က ယနေ့ခေတ်လူနေမှုဘဝနှင့် ကျန်းမာရေးအခြေအနေတိုးတက်မှု၊ ဆိုးရွားမှုများကို ဦးတည်ပြီး အကောင်းအဆိုးတို့အား အပြုသဘောဆောင် ဆွေးနွေးပြောကြားပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူများဖြစ်သော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာအေးမီထွန်း၊ စားသုံးသူရေးရာ ဒုတိယခရိုင် ဦးစီးမှူး ဦးသန်းဦး၊ မြို့နယ်ပညာရေးမှူး ဦးသန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းအောင်တို့က ရှင်းလင်းပြောကြားခဲ့ပြီး ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချို့လုပ်ငန်းများကို အထက်ဌာန အဆင့်ဆင့်သို့ တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဒေသခံပြည်သူများက ပြည်သူတို့၏လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ဝင်းမြင့်(နတ်တလင်း)**

# ကနီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ကနီ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ချောင်းမကျေးရွာအုပ်စု ချောင်းမ(ရ)ကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ ဦးရွှေငွေး၊ ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာပြည်သူများက သစ်တောကြိုးဝိုင်းအတွင်းနေထိုင်သည့် တောင်သူများ၏ လယ်ယာမြေများကို ပုံစံ(၇) ထုတ်ပေးနိုင်မှုရှိ၊ မရှိနှင့် တောင်သူများ၏ သိမ်းဆည်းလယ်ယာမြေများ တောင်သူများထံ ပြန်လည်အပ်နှံပေးနိုင်ရေးများ ဆွေးနွေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း၊ ကျေးရွာရေပေးဝေရေးနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ကျေးရွာမီးလင်းရေး၊ ကျေးလက်ကျန်းမာရေးနှင့် ပတ်သက်သည့်မေးခွန်းများ ဆွေးနွေးမေးမြန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၇ ရွာမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# စစ်တွေ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**စစ်တွေ ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်တွေမြို့နယ်ရုံးမှဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်း(၁/၂၀၁၈) ဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့နယ် ကျေးတောရွာမဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



သင်တန်းဆင်းပွဲတွင် စစ်တွေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်တွေခရိုင် ဦးစီးမှူး ဦးစောဝေက ခရိုင်အတွင်းရှိ မြို့နယ်များတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် သင်တန်းမှရရှိသောပညာများဖြင့် လုပ်ငန်းခွင်များတွင် ဝင်ရောက် လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် ခရိုင်ဦးစီးမှူးတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦး၊ သင်တန်းဆရာမနှစ်ဦးတို့ကို ထူးချွန်ဆုနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်တင်အောင်က သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ကျေးတောအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့်သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အဆိုပါသင်တန်းကို ဇွန် ၁ ရက်မှ ၃၀ ရက်အထိ စစ်တွေမြို့ပေါ်မှ စက်ချုပ်ကျွမ်းကျင်ဆရာမနှစ်ဦးက တစ်လကြာ သင်ကြားပို့ချခဲ့ပြီး ကျေးတောပိုက်ဆိပ်၊ ကျေးတောရွာမနှင့် ရွှေပြည်သာကျေးရွာတို့မှ သင်တန်းသူ ၂၆ ဦး တက်ရောက် သင်ကြားခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တီးတိန်မြို့တွင် ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီး

**တီးတိန် ဇွန် ၃၀**

ချင်းပြည်နယ်အစိုးရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည့် ကလေးစာပေပွဲတော်ကို ဇွန် ၂၉ ရက်က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့၍ ပိတ်ပွဲကို တီးတိန်မြို့ကမ်ဟောက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တီးတိန်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်က ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် ဌာန၊ အဖွဲ့အစည်းများအပေါ် အထူးကျေးဇူးတင်ရှိကြောင်း၊ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများမှာလည်း အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အဘက်ဘက်မှ အောင်မြင်မှုများစွာရရှိကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ကလေးစာပေပွဲတော် ကျင်းပရာတွင် ပူးပေါင်းပါဝင်သည့် Irrawaddy Green Towers လီမိတက်၊ World Vision နှင့် SACC အဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုတေးသီချင်းအဖွဲ့ လေးဖွဲ့၊ ရိုးရာယဉ်ကျေးမှုအက နှစ်ဖွဲ့နှင့် ပညာပေးပြဇာတ်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြိုင်ပွဲအသီးသီးမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါကလေးစာပေပွဲတော်ကို ဇွန် ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ပွဲတော်တွင် တီးတိန်မြို့ပေါ်ရှိ အထက်တန်းကျောင်း သုံးကျောင်းနှင့် အလယ်တန်းကျောင်းနှစ်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းများမှ တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာ လျှပ်စစ်မီး ၂၄ နာရီရရှိပြီ

**ကျောက်ဖြူ ဇွန် ၃၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကျောက်ဖြူမြို့နယ်ရှိ ၂၀၁၇-၂၀၁၈ ခု ပြည်နယ်အစိုးရဘတ်ဂျက်ငွေဖြင့် ကျေးရွာ ၁၀ ရွာ ယခု လျှပ်စစ်မီး ၂၄ နာရီ ရရှိနေပြီဖြစ်ကြောင်း ကျောက်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးချမ်းမြေ့အောင်က ပြောသည်။ ယခုလျှပ်စစ်မီးရရှိသော ကျေးရွာ ၁၀ ရွာမှာ ကြတ္တိန်ကျေးရွာ၊ ဦးကင်းကျေးရွာ၊ ပြားဂျိုန်ချောင်းဖျားကျေးရွာ၊ ဆားကျွန်းချောင်းကျေးရွာ၊ သဒ္ဒတ္တိန်ကျေးရွာ၊ ငပုချိုန်ကျေးရွာ၊ ဆားတလင်းကျိန်ကျေးရွာ၊ ကျွန်းကြီးကျေးရွာ၊ လူရှည်ကျေးရွာ၊ ဂေါ်တူကျေးရွာတို့ဖြစ်ကြသည်။

ထို့အပြင် အဆိုပါကျေးရွာများသို့ ကျောက်ဖြူခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဗညားအောင်ဆန်းလင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်တို့က ဇွန် ၂၉ ရက်မှ စတင်ကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး လူထုများနှင့် တွေ့ဆုံ၍ လျှပ်စစ်မီတာအသစ်များအကြောင်း ရှင်းလင်းပြောကြားခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ လျှပ်စစ်ဗဟုသုတများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကာ ကျေးလက်နေပြည်သူများက လျှပ်စစ်နှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **၁၅၇**

### ❍ ကျောဖုံးမှ

နောက်ဆုံးမျှော်လင့်ချက်ဖြင့် လူစုံထုတ်ခဲ့သည်။ မြဝတီအသင်းသည် ရောဝတီဘက်သို့ ဖိအားပေး ကစားနိုင်သော်လည်း ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ၂၉ မိနစ်တွင် ရောဝတီအသင်း အဖွင့်ဂိုးရခဲ့ပြီး သီဟဇော်က ပယ်နယ်တီဧရိယာစည်းထိပ်မှ အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။ ရောဝတီအတွက် ဒုတိယဂိုးကို ၃၅ မိနစ်တွင် အယ်လာပတ်ထရစ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရောဝတီက ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း မြဝတီက ထိန်းချုပ်နိုင်ခဲ့သည်။ ရောဝတီ ကစားပုံပျက်နေ သောကြောင့် မြဝတီအတွက် အခွင့်အရေးဖြစ်ခဲ့သော်လည်း အသုံးမချနိုင်၍ နှစ်သိမ့်ချေပဂိုးပင်မရဘဲ ရှုံးနိမ့်ခဲ့ရသည်။

Grand Royal ကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ဂျိုးဇက်က ၃၀ မိနစ်နှင့် ၆၁ မိနစ်တို့တွင် သွင်းယူခဲ့ပြီး ရခိုင်အတွက် ချေပဂိုးကို ၈၈ မိနစ်တွင် မက်သရူးက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇူလိုင် ၁ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်နှင့်မကွေး၊ တောင်ကြီး ကွင်း၌ ရှမ်းယူနိုက်တက်နှင့် GFA၊ မန္တလာသီရိကွင်း၌ ရတနာပုံနှင့် Southern၊ မုံရွာကွင်း၌ စစ်ကိုင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်**

### ❋ ကျောဖုံးမှ

ပြိုင်ပွဲတစ်လျှောက် ငါးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့် လေးကြိမ်တွင် မြန်မာအသင်းက ဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းသည် ၂၀၁၁ ပြိုင်ပွဲတွင် နှစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၂ ပြိုင်ပွဲတွင် သုံးဂိုး-ဂိုးမရှိ၊ ၂၀၁၃ ပြိုင်ပွဲတွင် ငါးဂိုး-တစ်ဂိုး၊ ၂၀၁၅ ပြိုင်ပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် ပြည်တွင်းနည်းပြဖြစ်သည့် ဦးဝင်းသူမိုးက ကိုင်တွယ်နေပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။

အာဆီယံအမျိုးသမီးပြိုင်ပွဲကို ၂၀၁၆ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန်ကျင်းပခြင်းဖြစ်ပြီး မြန်မာအသင်းသည် ဇူလိုင် ၁ ရက်တွင် ဖိလစ်ပိုင်၊ ဇူလိုင် ၅ ရက်တွင် အင်ဒိုနီးရှား၊ ဇူလိုင် ၇ ရက်တွင် စင်ကာပူ၊ ဇူလိုင် ၉ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် အင်္ဂလိပ်စာဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေလ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

2019
MATRICULATION EXAMINATION
DEPARTMENT OF MYANMAR EXAMINATION
ENGLISH Time Allowed: (3) Hours
WRITE YOUR ANSWERS IN THE ANSWER BOOKLET.
ANSWER ALL QUESTIONS.

**I. Read the passage.**

Helen's world was a dark and silent place. She became a very difficult child to live with. She ran about the house doing whatever she wanted. She became angry and violent very easily and threw things onto the floor or at other people. She fought with other children and sometimes hurt them.

Helen was almost a wild child. No one could control her. The Kellers didn't know what to do. They needed help. In February, 1887, Captain Keller contacted the Perkins Institute for the Blind in Boston. He asked the director of the Institute for help with Helen.

The director of the Institute spoke to a young woman called Annie Sullivan. He told Annie about Helen and asked her if she would like to become Helen's teacher. The director explained, "Helen is a very intelligent child, but she has no language. There's a treasure inside her that needs to be opened. And I think you can open it for her."

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The ---------- of Helen was a dark and silent place.
(2) Helen could not ---------- by anyone, because she was almost a wild child.
(3) The director of the Institute asked Annie if she would like to ----------Helen.
(4) Helen is very ----------, but she has no language.
(5) The director of the Institute requested Annie to open ---------- inside Helen.

**(B) Answer each question in one sentence. (5 marks)**

(6) What kind of child was Helen?
(7) When Helen became angry and violent, what did she do?
(8) Why did the Kellers need help with Helen?
(9) Why did the Kellers contact the Perkins Institute for the Blind in Boston?
(10) Which two adjectives show that Helen was an uncontrollable child?

**II. Fill in each numbered blank with a word from the list given.There are five extra words.Write down only the number of the blank and the word that fills it. (10 marks)**

| | | | | |
|---|---|---|---|---|
| about | and | and | because | birds |
| by | develop | feed | female | for |
| from | habitats | her | into | male |
| One | other | others | pests | the |
| the | the | This | veins | wigglers |

Nearly two million species of insects, grouped ---(l)--- about 30 orders, live in many different --- (2)---throughout the world. They are very important ---(3)---they pollinate flowers and are food for ---(4)---and other animals. However, many insects are ---(5)---that feed on crops or spread diseases. ---(6)---such insect is the mosquito.

There are ---(7)---3,000 species of mosquitoes, which are distinguished ---(8)---their antennae of 14 or 15 segments ---(9)---by the presence of scales on the ---(10)---of their wings. The larvae are called ---(11)---and are aquatic, feeding on plants, algae,---(12)---microscopic animal life. Some mosquitoes feed on ---(13)---juices of plants, and some do not---(14)---at all in their adult stage. Only ---(15)---mosquitoes suck the blood of humans and ---(16)---warm-blooded animals, because they need blood to---(17)---each batch of fertile eggs. But like ---(18)--- male mosquito, females feed only on nectar ---(19)---their food source. The female mosquito locates ---(20)---human targets by following the carbon dioxide that we exhale.

**III. (A) Choose the appropriate word to complete each sentence. (5 marks)**

(1) The main task of the police is to detect and -----------crime.
A. defend B. protect C. prevent
(2) The Shwedagon pagoda is clearly -----------from the Hlaing river as it is situated on a hill.
A. observed B.visible C.looked at
(3) Space travel is one of the ----------of modern science and technology.
A.activities B. wonders C.surprises
(4) As she had to get up early tomorrow, she set the ----------for 5 a.m. before she went to bed.
A. alarm B. watch C. time
(5) We don't need to go out to have breakfast as it is ----------at the hotel.
A.prepared B.provided C. supplied

**(B) Write the appropriate words or groups of words to complete the lines of verse. (5 marks)**

(6) For, so swiftly it flew, the sight
Could not follow it in ----------.
(7) It changed into an elephant
Of most -----------------,
(8) An old covered bridge
That -------------------;
(9) In -------------
Earth must disrobe her;
(10) Thus let me live, unseen, unknown;
Thus unlamented -------------;

**IV. Give complete answers to these questions. (10 marks)**

(1) Give a description of Jenny Tier Bishop.
(2) How did Julius Caesar fix his calendar and why?
(3) What are nightmares and when do they occur?
(4) How must the organizers of self-services store display their goods?
(5) What do these lines mean?
He plants the friend of sun and sky;
He plants the flag of breezes free;

**V.Read the passage.**

Forests and trees aren't just pretty to look at. They do an important job making the earth's environment suitable for life. They clean the air, store water, preserve soil, and provide homes for animals. They also supply food, fuel, wood products, and paper products for humans. In the past fifty years, more than half of the world's rain forests have been destroyed. Today, the forests of the world are being cut down at a rate of fifty acres every minute! Scientists say that if it continues, the world's climate may change, floods may become more common, and animals will die. One solution to the problem of deforestation is to use less paper. How can you use less paper? One answer is to reduce your paper use by using both sides of the paper when you photocopy, write a letter, or write a paper for school. A second answer is to reuse old paper when you can, rather than using a new sheet of paper. The backs of old envelopes are perfect for shopping lists or phone messages, and when you write a rough draft of an essay, write **it** on the back of something else. A final answer is to recycle used paper products instead of throwing them away. Most schools, offices, and neighbourhoods have some kind of recycling centre. If you follow the three Rs –reduce, reuse, and recycle –you can help save the world's forests.

**Answer these questions. Give complete answers. (10marks)**

(1) What do forests and trees provide animals and humans?
(2) What has happened to rain forests of the world in the last fifty years?
(3) State any two ways of using less paper mentioned in the passage.
(4) What does the underlined word, 'it' refer to?
(5) What other materials can we recycle apart from paper?

**VI. Punctuate the following. (5 marks)**

(1) why are you so late for the class nilar said the teacher
(2) he said no it didnt it rained two days ago
(3) you like watching tv dont you said my uncle to me
(4) no shouted mother dont touch the pot
(5) she exclaimed look what a beautiful flower it is

**Vll. (A) Finish each sentence in such a way that it means exactly the same as the sentence given. (10 marks)**

(1) The day was so wet and cold that the children were kept indoors.
It was such -----------------------------------------------.
(2) Ko Ko was punished by his father. He did not misbehave anymore.
After -----------------------------------------------------.
(3) He decided to apply for the job although he didn't meet all the requirements.
In spite of ---------------------------------------------.
(4) As soon as he set foot on the island, he looked around for a hiding place from the pirates.
No sooner ---------------------------------------------.
(5) The director said to the actress, "Wait for my signal before you say your part of the dialogue."
The director told ---------------------------------------.
(6) They had an early night in order to be ready for the exam the next day.
They had an early night so that --------------------.
(7) Self-study is the best approach to successful learning.
No other approach-----------------------------------.
(8) We can see the larvae of mosquitoes only through a microscope.
Mosquito larvae -------------------------------------.
(9) Place things where you can see them or you will lose them.
Unless -------------------------------------------------.
(10) They haven't got the time to go on a vacation. They haven't got the money, either.
They have got neither -------------------------------.

**(B) Using the prompts given, write a very short paragraph on ONE of the following: (10 marks)**

**Why advertisements can be a problem**
- most people – advertisements –useful –give information –products –available –market
- they –give information – try –influence –emotions
- advertisers know –everyone tends –dream –having –better life
- they –try –make us believe –our dreams –true –we buy –products
- feelings –advertisers try–play on –differ according –age groups
- problem –advertisements – they imply –money –make –dreams come true
- we–not buy personal good looks –intelligence –good friendships –happy family
- a lot –advertisements – form –lying –not all advertisements–good
- can make people feel depressed –discontented –ordinary lives
- advertisements–problem –people –small amount –money –spend –luxuries

**The Royal Kingdom of Cambodia**
- kingdom – Cambodia occupies part – Indochina peninsula–Southeast Asia
- many interesting places–see –Phnom Penh –capital –Cambodia
- can start –tour –Silver Pagoda –visit – National Museum–Independence Monument –Wat Phnom –market areas
- there –hand -woven silks–silver – gems – antiques –compete –attention
- located –Royal Palace compound –Silver Pagoda –named –floor made –5,000 silver tiles
- walls surrounding –compound – covered –frescoes –depict episodes –Khmer version –Ramayana – Reamker
- National Museum –located –north –Royal Palace –represents –finest –Phnom Penh's architecture
- more than 5,000 works –art –range –6th–13th Century–displayed inside
- visitors –rest –peaceful –palm-shaded central courtyard –lotus ponds
- think –one –Asia's richest cultures –resting there

**VIII. Choose a situation given below and write a letter. Do not write more than 300 words. (10 marks)**

You are **Aung Myat**. Now you are staying with your aunt's family at No. 45, Main Road, Taungdwingyi. Write a letter to your parents, telling them how you and your cousin are preparing for the matriculation examination and how they are taking great care of you.

(OR)

You are **Khin Khin**. You live at No. 2,Shweman Road, Mandalay. Write a letter to your cousin, **Ohnmar** who has put on a lot of weight these days, telling her to try to lose her weight and why she should do so.

**IX. Write an essay of three paragraphs on ONE of the following. Do not write more than 500 words.(15 marks)**

How to stay safe in an earthquake

**(OR)**

Benefits of living in the countryside

(OR)

The advantages of watching cartoon movies

# အိမ်ရှင်ရုရှားကို ခက်ခက်ခဲခဲကျော်ဖြတ်ရမယ့် စပိန်

**ဝင်းမြတ်**

**၁ ဇူလိုင် ၂၀၁၈ ည ၉း၃၀ (Stadion Luzhniki)**




**ဇူလိုင် ၁ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး နာမည်ကြီးအသင်းဖြစ်တဲ့ စပိန်အနေနဲ့ အိမ်ရှင်ရုရှားနဲ့ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

### စပိန်ရဲ့အခြေအနေ

စပိန်အနေနဲ့ အုပ်စု(ခ)မှာ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့် တက်ရောက်လာနိုင်တာဖြစ်သလို အုပ်စုအတွင်းမှာလည်း ရှုံးပွဲမရှိခဲ့တာမှန်ပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာ မရှိခဲ့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အထူးသဖြင့် စပိန်ဟာ တိုက်စစ်ကစားပုံကောင်းမွန်ခဲ့ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိခဲ့ပြီး သုံးပွဲမှာ ငါးဂိုးအထိ ပေးခဲ့ရတာကိုတွေ့ရပါတယ်။

### ရုရှားရဲ့အခြေအနေ

ရုရှားကတော့ အုပ်စု(က)မှာ ခြေစွမ်းပြသနိုင်ခဲ့ပြီး နောက်ဆုံးပွဲမှာ ဥရုဂွေးကို အရေးနိမ့်ခဲ့ရတာကြောင့်သာ အုပ်စုဒုတိယသာရရှိခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ရုရှားအနေနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းသလို တန်ပြန်တိုက်စစ်ကစားပုံလည်း ထက်မြက်မှုရှိခဲ့သလို အိမ်ရှင်အားသာချက်လည်း ရှိနေတာကို သတိပြုရပါလိမ့်မယ်။

### သုံးသပ်ချက်

စပိန်အနေနဲ့ ဒီပွဲမှာ တိုက်စစ်အားပြု ကစားလာမှာဖြစ်ပေမယ့် အားနည်းနေတဲ့ ခံစစ်ပိုင်းကိုသာ အချိန်မီပြုပြင်နိုင်ခြင်းမရှိခဲ့ရင် ရုရှားရဲ့ တန်ပြန်တိုက်စစ်တွေကြောင့် အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း စပိန်တို့ အနိုင်ရခဲ့ရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

# ကွာတားဖိုင်နယ်ကို တက်ရောက်လာမယ့် ခရိုအေးရှား

**၂ ဇူလိုင် ၂၀၁၈ နံနက် ၀၀း၃၀ (Stadion Nizhny Novgorod)**




**လာမယ့်ဇူလိုင် ၂ရက်(ယနေ့ည) နံနက်ပိုင်းမှာလည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးရဲ့ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို ဆက်လက်ကျင်းပမှာဖြစ်ပြီး ခရိုအေးရှားနဲ့ ဒိန်းမတ်တို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိနိုင်ပါတယ်။**

### ခရိုအေးရှားရဲ့အခြေအနေ

ခရိုအေးရှားဟာ အုပ်စု(ဃ)မှာ အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ အုပ်စုပွဲ သုံးပွဲစလုံး အနိုင်ရခဲ့ကာ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်ကို တက်ရောက်လာနိုင်တာဖြစ်ပါတယ်။ အထူးသဖြင့် ခရိုအေးရှားရဲ့ ကွင်းလယ်စုဖွဲ့မှုဟာ တောင့်တင်းမှုရှိလွန်းပြီး တိုက်စစ်မှာ မန်ဇူကစ်လို ကစားသမားမျိုးရှိနေတာကြောင့်လည်း ကွင်းလယ်နဲ့ တိုက်စစ် ထက်မြက်ခဲ့တာဖြစ်ပါတယ်။

### ဒိန်းမတ်ရဲ့အခြေအနေ

ဒိန်းမတ်ကတော့ အုပ်စု(ဂ)မှာ အုပ်စုဒုတိယနေရာကိုသာ ရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒိန်းမတ်ဟာ အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်တဲ့ အသင်းဖြစ်ပေမယ့် တိုက်စစ်ပိုင်းမှာတော့ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးမရှိတာကြောင့် ဂိုးရဖို့ ပွဲတိုင်းရုန်းကန်ခဲ့ရပြီး အုပ်စုတွင်း သုံးပွဲမှာ နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

### သုံးသပ်ချက်

ဒိန်းမတ်အနေနဲ့ အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်တယ်ဆိုပေမယ့် ဒီပွဲမှာတော့ ခရိုအေးရှားကို အသာရဖို့ ခက်ပါတယ်။ ဒိန်းမတ်ရဲ့ တိုက်စစ်အားနည်းမှုကြောင့် ခရိုအေးရှားရဲ့ ခံစစ်ကို ဖိအားပေးနိုင်ဖို့လည်း ခက်တဲ့အတွက် ခရိုအေးရှားကသာ နိုင်ပွဲရယူသွားမှာပါ။

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် အာဂျင်တီးနားတို့ ပြင်သစ်ကို ရှုံးပြီး အိမ်ပြန်ခဲ့ရ

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဇွန် ၃၀ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ၁၆ သင်းအဆင့် ရှုံးထွက် ပထမဆုံးပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်ဂိုးသွင်းမှုဖြင့် ပြင်သစ်အသင်း လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် အာဂျင်တီးနားတို့ အိမ်ပြန်ရပြီဖြစ်သည်။

ယင်းပွဲတွင် ပြင်သစ်အသင်းသည် ၄-၃-၃ တိုက်စစ်ပုံစံဖြင့် ဂရေ့စ်မန်း၊ ဂျီရုဒ်၊ အမ်ဘက်ပီတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့ပြီး အာဂျင်တီးနားအသင်းသည် ၄-၃-၂-၁ ပုံစံဖြင့် အသင်းခေါင်းဆောင် မက်ဆီကို အထောင်ထားပွဲထွက်လာသည်။ ပွဲချိန် ၁၃ မိနစ်တွင် ပြင်သစ်အသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး ဂရေ့စ်မန်းက ဦးဆောင်ဂိုးအဖြစ်သွင်းယူခဲ့သည်။ ပွဲချိန် ၄၁ မိနစ်တွင် ဒီမာရီယာက အာဂျင်တီးနားအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပထမပိုင်းပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယပိုင်း ၄၈မိနစ်တွင် အာဂျင်တီးနားနောက်တန်းကစားသမား ဂါဘရီရယ်မာကာဒိုက ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပွဲချိန် ၅၇မိနစ်တွင် ပြင်သစ်နောက်တန်းကစားသမား ပါဗတ်ဒ်က ပြင်သစ်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၄ မိနစ်တွင် အမ်ဘက်ပီက ပြင်သစ်အတွက် တတိယမြောက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၆၈ မိနစ်တွင် ဂျီရုဒ်၏ ဖန်တီးမှုမှတစ်ဆင့် အမ်ဘက်ပီက ထပ်မံအနိုင်ဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် အာဂျင်တီးနားအတွက် တတိယဂိုးကို မက်ဆီ ဖန်တီးမှုမှတစ်ဆင့် အဂူရိုက သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ပြင်သစ်အသင်း လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားခဲ့သည်။

ယနေ့ပွဲတွင် အာဂျင်တီးနားအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပြီး မက်ဆီ ဦးဆောင်သည့် တိုက်စစ်ပိုင်းသည် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ရာ ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ပြင်သစ်အသင်းသည် ရှစ်ကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်ဂိုးပေါက်ခြိမ်းခြောက်ကာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

■ **သီဟ**

# အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အောင်ပွဲရမြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် ဇွန် ၃၀**

ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန်၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကြီးတွင် ပွဲစဉ်ပေါင်း ၁၁ မျိုးအနက် မြန်မာနိုင်ငံမှ လက်ရွေးစင်ကစားသမား ရှစ်ဦးက ပွဲစဉ်ရှစ်မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေနှစ်ခုနှင့် စတုတ္ထ၊ ပဉ္စမဆုတို့ကို ထိုက်တန်စွာ ဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား ကာယဗလ ၆၀ ကီလိုတန်းတွင် မြန်မာမှ ကျော်မင်းသန်းက ပထမ ရွှေတစ်ခု၊ ဒုတိယ ထိုင်း၊ တတိယ ဗီယက်နမ်၊ ၇၅ ကီလိုတန်းတွင် မြန်မာမှ သောင်းတန်က ပထမ ရွှေတစ်ခု၊ ဒုတိယထိုင်း၊ တတိယ ဗီယက်နမ်၊ ၆၅ကီလိုတန်းတွင် ပထမ ထိုင်း၊ မြန်မာမှ ထွန်းဝင်းနိုင်က ဒုတိယ ငွေ တစ်ခု၊ တတိယ ဗီယက်နမ်၊ ၈၀ ကီလိုတန်းတွင် ဆလိုင်းကျော်မင်းက စတုတ္ထ၊ ကာယကြံ့ခိုင်မှု Women Athletics Physique ပြိုင်ပွဲတွင် ပထမ စင်ကာပူ၊ ဒုတိယ မြန်မာမှ နှင်းနှင်းအေး၊ တတိယ ထိုင်း၊ Model Physique ပြိုင်ပွဲတွင် သန္တာဦးက ပဉ္စမ အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။




"ကျွန်တော် ပြည်ပပြိုင်ပွဲ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ခက်ခဲစွာကြိုးစားခဲ့ရတယ်။ နည်းပြတွေရဲ့ လေ့ကျင့်ပေးမှုကြောင့် အကောင်းဆုံးယှဉ်ပြိုင်လို့ ဆုတံဆိပ်ရရှိခဲ့တာပါ။ လာမယ့် စက်တင်ဘာမှာ အိန္ဒိယနိုင်ငံမှာ ကျင်းပမယ့် အာရှကာယဗလပြိုင်ပွဲအတွက် ယှဉ်ပြိုင်ခွင့်ရရင် လေ့ကျင့်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်" ဟု ရွှေတံဆိပ်ဆုရ ကျော်မင်းသန်း က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း၊ နည်းပြ ဦးကျော်စိန်သန်း၊ ဒေါ်တင်မမမျိုး၊ ဒိုင် ဦးအောင်နိုင်၊ ဒေါ်ရီရီဝင်း၊ အားကစားသမား အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦးတို့သည် ယနေ့ ညနေ ၅ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အားကစားသမားများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့လျှင် ၂၀၁၉ ခုနှစ် မေလတွင် လျာထားကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ ယူ-၁၉ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၃၀**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် ဇွန် ၂၉ ရက် နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။

မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ -** ဦးတင်မြင့်အောင်၊ **နည်းပြချုပ် -** ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ -** ဦးဘိုဘိုအောင်၊ ဦးလင်းလင်းထွေး၊ **ဂိုးနည်းပြ -** ဦးကိုကိုအောင်၊ **ဂိုးသမား-** ဇင်ညီညီအောင်၊ သူရကျော်၊ ခန့်ကျော်ဦး၊ **နောက်တန်း-** စည်သူမိုးခန့်၊ ရဲလင်းထက်၊ အောင်ဝဏ္ဏစိုး၊ တေဇော်လင်း၊ နိုင်ကိုကို၊ ငြိမ်းချမ်းအောင်၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ သန်းထိုက်ဇင်၊ **အလယ်တန်း-** နန်းထိုက်ဇော်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ သူရစံ၊ ခင်ကျော်ဝင်း၊ **ရှေ့တန်း-** ထက်ဖြိုးဝေ၊ လွှမ်းမိုးဦး၊ ပြည့်စုံနိုင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။ ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ လာအို၊ အုပ်စု (ခ) တွင် မြန်မာ၊ မလေးရှား၊ တီမော၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သော်လည်း မြန်မာအသင်းသည် ဇူလိုင် ၂ ရက်မှသာ အဖွင့်ပွဲ စတင်ကစားရမည်ဖြစ်ပြီး တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းအား ဇွန် ၂၈ ရက်က MFF ရုံး၌ တွေ့ဆုံမှာကြားခဲ့သည်။ ဦးဇော်ဇော်က မြန်မာယူ-၁၉ အသင်းသားများနှင့် တွေ့ဆုံရာတွင် "အာဆီယံ ယူ-၁၉ ပြိုင်ပွဲမှာ မြန်မာယူ-၁၉ အသင်း အောင်မြင်မှုရရှိတာကို မြင်တွေ့လိုပါတယ်။ အောင်မြင်မှုရရှိဖို့ အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားအားလုံး တက်ညီလက်ညီ ကြိုးပမ်းပေးစေလိုပါတယ်။ ဒါ့အပြင် ပြိုင်ပွဲမှာ သန့်သန့်ရှင်းရှင်း ကစားတတ်ဖို့လည်း အရေးကြီးပါတယ်။ ပြိုင်ပွဲအောင်မြင်မှုရရှိဖို့အတွက် ဘောလုံးအဖွဲ့ချုပ်အနေနဲ့ အဘက်ဘက်က ပံ့ပိုးပေးထားပါတယ်။ ကစားသမားတွေအနေနဲ့လည်း မိမိတို့ရဲ့ အနေအထိုင်အပြောအဆိုကအစ ခံယူချက် ကြီးကြီးမားမား ထားရှိဖို့လည်း လိုအပ်ပါတယ်။ ဘောလုံးအားကစားနဲ့ နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ဖို့ အခုထက် အဆပေါင်းများစွာ ကြိုးစားအားထုတ်ဖို့လည်း လိုအပ်ပါတယ်"ဟု မှာကြားခဲ့သည်။

**ညီမြတ်သော်တာ**

# မြန်မာယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီဒင်သတ်မှတ်ချက်ထုတ်ပြန်

**ရန်ကုန် ဇွန် ၃၀**

မြန်မာ ယူ-၂၃ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် စုစုပေါင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ၏ အားကစားနည်းအလိုက် အုပ်စုမဲခွဲပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီသည် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲပွဲကျင်းပရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့ပြီး မြန်မာအသင်းသည် Pot-4 ၌ ပါဝင်ခဲ့သည်။ Pot-1 တွင် အိမ်ရှင် အင်ဒိုနီးရှား၊ ဂျပန်၊ ဆီးရီးယား၊ တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ ဆော်ဒီ၊ အီရန်၊ အီရတ်၊ Pot-2 တွင် တရုတ်၊ မြောက်ကိုရီးယား၊ အိုမန်၊ ကာဂျစ္စတန်၊ ကာတာ၊ ဘာရိန်း၊ ယူအေအီး၊ ထိုင်း၊ Pot-3 တွင် မလေးရှား၊ လာအို၊ ဗီယက်နမ်၊ ဂျော်ဒန်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ယီမင်၊ Pot-4 တွင် မြန်မာ၊ နီပေါ၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ တီမော၊ တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို လေးသင်း ခုနစ်အုပ်စုနှင့် သုံးသင်းတစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ၁၉၉၄ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၂၄ နှစ်အကြာတွင် တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ကော်မတီသည် ဘောလုံးပြိုင်ပွဲနှင့်အတူ အုပ်စုဖြင့် ကျင်းပမည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဟော်ကီ၊ Handball စသည့် အားကစားနည်းများအတွက်လည်း အုပ်စုမဲခွဲပွဲများ ကျင်းပမည်ဖြစ်သည်။ ဘောလုံးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ပါဝင်မည်ဖြစ်သော်လည်း မြန်မာအသင်းသည် အမျိုးသားပြိုင်ပွဲ၌သာ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲအတွက် ဇူလိုင် ၂၃ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် အန်တွမ်နီဟေးက ကိုင်တွယ်မည်ဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၃ နှစ်အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး အသက်ကျော်ကစားသမား သုံးဦး ထည့်သွင်းအသုံးပြုခွင့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရွှေပြည်သာမြို့နယ်၌ အမျိုးသမီးတစ်ဦးကို ဓားစာခံအဖြစ်ခေါ်ယူပြီး ဆိုင်ကယ်လုယူထွက်ပြေးရန်ကြိုးစားသူအား ပစ်ခတ်ဖမ်းဆီး

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်တွင် ဇွန် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် ရွှေပြည်သာမြို့နယ်၌ အမျိုးသမီးတစ်ဦးကို ဓားစာခံအဖြစ်ခေါ်ယူပြီး ဆိုင်ကယ်လုယူ ထွက်ပြေးရန်ကြိုးစားသူအား သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁၂ နာရီခန့်က ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းတာဝန်ယူဆောင်ရွက်စဉ် အင်းစိန်မြို့နယ် တညင်းကုန်းလမ်းဆုံဘက်မှ လူသုံးယောက် စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ အဆိုပါဆိုင်ကယ်ကို မောင်းနှင်လာသူ အမျိုးသားတစ်ဦးမှာ ရွှေပြည်သာမြို့နယ် အမှတ်(၂) ရပ်ကွက်အရောက်၌ ဓားကိုင်ဆောင်ကာ ဆင်းလာပြီး ကျန်နှစ်ဦးမှာ ဆက်လက်မောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဓားကိုင်ဆောင်ထားသော အမျိုးသားမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေသူ ဝင်းထွန်းနိုင်(၃၆ နှစ်)ဖြစ်ကြောင်း သိရပြီး ဒေါင်းမင်းလမ်းအတိုင်း ထွက်ပြေးသွားသဖြင့် ရဲတပ်သား မျိုးကိုကိုကျော်နှင့် ရဲတပ်သား ဝင်းပိုင်တို့က လိုက်လံဖမ်းဆီးခဲ့ရာ ပန်းမူလမ်းထောင့်အရောက်တွင် ဝင်းထွန်းနိုင်မှာ အမျိုးသမီးတစ်ဦး၏ လည်ပင်းအား ဓားထောက်ကာ ဓားစာခံအဖြစ် ခေါ်ဆောင်ပြီး ထွက်ပြေးရန် ဆိုင်ကယ်သော့အား ဖျက်ဆီးယူဆောင်နေစဉ် ရဲတပ်ဖွဲ့ဝင်များက အဖမ်းခံရန်ပြောဆိုရာ ဓားဖြင့်ပြန်လည်ခုခံသဖြင့် ရဲတပ်သားမျိုးကိုကိုကျော်က MA 13 သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဝင်းထွန်းနိုင်၏ ဝမ်းဗိုက်တွင် ကျည်ဖောက်ထွက်ဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် အင်းစိန်ဆေးရုံသို့ ပို့ကာ အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် ဆေးကုသမှုခံယူလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအား ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ့ရုပ်မြင်သံကြား

၁ -၇- ၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **"မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ" (ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသ)**
- ၉း၂၀ - "ငွေခေတ်သူရဲကောင်းများ" (အပိုင်း-၂)
- ၉း၄၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၄၅ - မြန်မာဂန္တဝင်ရုပ်ရှင် "ပန်းမြို့တော်သို့ ခြေလှမ်းသုံးဆယ်" ဝင်းဦး၊ ကျော်စွာဝင်း၊ ချိုပြုံး (ဒါရိုက်တာ- ဝင်းဦး)

**ညပိုင်း**

- ၁၅း၄၅ - "Myanmar National League 2018" ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yangon United FC Vs Magwe FC)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း -၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - လပတ်မိုးလေဝသအခြေအနေ
- "In & Out" (Taiwan ခရီးစဉ်) (အပိုင်း-၆) (လေးဖြူနှင့်အဖွဲ့)
- "မဟာဇနကဇာတ်တော်ကြီး" (ပထမပိုင်း)
- မြန်မာဗီဒီယိုဇာတ်လမ်း "မုန်းမိမယ်"(ဇာတ်သိမ်းပိုင်း)
- ၁၂း၀၀ - ၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(Croatia Vs Denmark)**

# ကလေးမြို့နယ်၌ ငွေကျပ်သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ကလေးမြို့အထွက် ရေယားကျေးရွာအနီး ကလေး-သာစည်သွားကားလမ်းပေါ်တွင် စိုင်းပန်း(ခ)အိုက်ပန်း မောင်းနှင်ပြီး ဆန်ကော(ခ)လုံးကော လိုက်ပါလာသည့် တိုယိုတာအမျိုးအစား ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၈၂၅၀ တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၁၀၀ (ဘိန်းဖြူ အလေးချိန် ၃၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့အထွက် ပင်လုံ-လဲချား သွားကားလမ်း ၁၀ မိုင်ကုန်းအနီးတွင် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် စိုင်းလွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ၊ ငွေကျပ် ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားကားလမ်း သတ္တုသန့်စင်စက်ရုံအနီး၌ စိုင်းလူမောင်းနှင်ပြီး စိုင်းကောင်ဆိုင် လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၇၇ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အမ်းမြို့နယ်၌ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် မှုခင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ စစ်ဆေးစဉ် ဇွန် ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က အမ်းမြို့နယ် ပျဉ်းတောရွာ၌ တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က အမ်းမြို့နယ် ပျဉ်းတောရွာနေ ဦးအောင်ဝေ(၄၂ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်၌ ဦးအောင်ဝေအား ဝက်ဝံအရိုး နှစ်ပိဿာ၊ လိပ်ခွံ ကိုးခု၊ သင်းခွေချပ်(ခွံ) ၈၀ သား၊ တောဝက်(အစွယ်၊ အံ) ၆၀ သား၊ ဝက်ဝံအစွယ် ၁၅ ခု၊ ဝက်ဝံခေါင်း တစ်ခု၊ တောင်ဆိတ်ချို တစ်စုံ၊ ပြောင်ချို ငါးခု၊ ဆတ်ချို ခုနစ်ခု၊ တောဝက်သည်းခြေ ငါးခု၊ တောကြောင်(အစွယ်၊ အံ) ၁၀ သားခန့်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းအား အမ်းမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လမ်းမတော်မြို့နယ်ရှိ တိုက်ခန်းတစ်ခန်းအတွင်းမှ ရွှေထည်နှင့်ငွေများ ခိုးယူခံရ

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၃ ရပ်ကွက် ၈ လမ်းအတွင်းရှိ တိုက်အမှတ် ၅၂ ပထမထပ် တိုက်ခန်းအတွင်း လူမရှိစဉ် ငွေကျပ် ၁၁၂ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်း ငါးမျိုးနှင့် ငွေသားကျပ် ၁၃ သိန်းခန့် စုစုပေါင်း ငွေကျပ် ၁၂၅ သိန်းခန့် ဇွန် ၂၈ ရက်က ခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က လမ်းမတော်မြို့နယ် ၃ ရပ်ကွက် ၈ လမ်း တိုက်အမှတ် ၅၂ ပထမထပ်နေ ဦးမျိုးဝင်း (၅၆ နှစ်) သည် အင်းလျားရိပ်သာရှိ မိခင်ဖြစ်သူ၏ နေအိမ်သို့ သွားရောက်ခဲ့ပြီး နံနက် ၁၁ နာရီတွင် တိုက်ခန်းသို့ ပြန်ရောက်ခဲ့ကာ နေအိမ်သော့ဖွင့်၍ ဝင်ရောက်စဉ် နေအိမ်အတွင်းရှိ ပစ္စည်းများ ရှုပ်ပွနေသဖြင့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ နေအိမ်အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းတွင် ထားရှိသော အလေးချိန် ငါးကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး တန်ဖိုးငွေကျပ် သိန်း ၄၀ ခန့်၊ အလေးချိန် ငါးကျပ်သားခန့်ရှိ ရွှေလက်ကောက်တစ်ကွင်း တန်ဖိုးငွေကျပ် သိန်း ၄၀ ခန့်၊ အလေးချိန် နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး တန်ဖိုးငွေကျပ် ၁၆ သိန်းခန့်၊ အလေးချိန် တစ်ကျပ်သားခန့်ရှိ ရွှေဆွဲပြားတစ်ခု တန်ဖိုးငွေကျပ် ရှစ်သိန်းခန့် အလေးချိန် တစ်ကျပ်သားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်း တန်ဖိုးငွေကျပ် ရှစ်သိန်းခန့် စုစုပေါင်းရွှေထည်ပစ္စည်း ငါးမျိုး တန်ဖိုးငွေကျပ် ၁၁၂ သိန်းခန့်နှင့် ငွေစက္ကူရောရော ကျပ် ၁၃ သိန်းခန့် ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့၍ ဦးမျိုးလွင်က လမ်းမတော်မြို့နယ် မြို့မရဲစခန်းတွင် တရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်နေကြောင်း သက်ဆိုင်ရာမှ သိရသည်။

**ခင်ဆိုင်**

# ခရီးသည်နှစ်ဦးထံမှ ကျည်ဆန်များ သိမ်းဆည်းရမိ

**လှိုင်ကော် ဇွန် ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ အဝေးပြေးကားဂိတ်၌ ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရဲတပ်ဖွဲ့ဝင်များသည် လွိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်တစ်စီးနှင့် လိုက်ပါမည့် ခရီးသည်များအား စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ သန်းဇော်ထွေး(၂၃ နှစ်) လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ RTA08 ထိပ်ဖူးတပ်ကျည်တစ်တောင့်၊ သီဟဆွေ(၂၀ နှစ်)၏ လက်ထဲမှ RTA16 ထိပ်ဖူးတပ်ကျည်နှစ်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းတို့နှစ်ဦးအား လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လှည်းကူးမြို့နယ်၌ တရားမဝင်သစ်ခွဲသားများ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းဆီးရမိ

**လှည်းကူး ဇွန် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးစည်သူလင်းနှင့် သစ်တောဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၀/၇ တိုးဂိတ်၌ ဇွန် ၂၉ ရက် နံနက် ၂ နာရီက ဟိုက်အေ့ယာဉ်အမှတ် 6J/---- အား မသင်္ကာသဖြင့် တာဆီးစစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသဖြင့် သစ်တောဝန်ထမ်းများက သံဆူးပြားဖြင့် ပစ်ချဖမ်းဆီးသော်လည်း ရှေ့ညာဘီးပေါက်ကာ ဆက်လက်မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထို့နောက် သစ်တော ဝန်ထမ်းများအဖွဲ့သည် အဆိုပါယာဉ်နောက်သို့ ဆက်လက်လိုက်ပါလာခဲ့ပြီး အမှတ်(၃)လမ်းဆုံ ရဲကင်းမှ ဒုရဲအုပ် ရန်အောင်ပါနှစ်ဦးဖြင့် ပူးပေါင်းခဲ့ကြောင်းလိုက်ပါလာခဲ့ရာ အမှတ်(၃) လမ်းဆုံထိပ်အနီးတွင် လမ်းဘေး၌ ယာဉ်ကို ရပ်တန့်လျက်တွေ့ရှိသဖြင့် စစ်ဆေးရာ ယာဉ်ပေါ်ပါသူများ မတွေ့ရဘဲ တရားမဝင်ကျွန်းခွဲသား တစ်တန်ခန့်ကို သိမ်းဆည်းရမိခဲ့ရာ လှည်းကူးမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**


အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com


# ပိတောက်စားရွှေနှင့် ကျောက်စိမ်းဖြတ်စတုံးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၆ စီး ၊ သွင်းကုန် ၉၇၅ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် အစီး ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၅၁၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၅၉ သန်းခန့် စုစုပေါင်း တားဆီးမှု ၂၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆ ဒသမ ၁၀၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် နစ်ဆန်း 12 W ယာဉ်တစ်စီး၊ အေဒီဗင်ယာဉ်တစ်စီးနှင့် တိုယိုတာဟိုက်အေ့စ်ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ပိတောက်စားရွှေ ၃ ဒသမ ၄၉၉၆ တန်၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြတ်စ ဆိုဒ်စုံ ၄၀၂ ကီလိုဂရမ်ခန့်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၅၉၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုက်ပွန်ပီအို နျူကလီးယားကင်းစင်ရေး အသေးစိတ်အစီအစဉ်များဆွေးနွေးရန် မြောက်ကိုရီးယားသို့သွားမည်

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုသည် လာမည့်ရက်သတ္တပတ်၌ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားကင်းစင်ရေးဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးမည်ဟု သတင်းရရှိသည်။

မိုက်ပွန်ပီအိုသည် ပြုံယမ်းသို့ ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် သွားရောက်ရန်စီစဉ်ထားကြောင်း အမေရိကန်အစိုးရသတင်းရင်းမြစ်ကို ကိုးကား၍ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် မြောက်ကိုရီးယားတာဝန်ရှိသူများနှင့် တိကျသောအစီအစဉ်များကို ဆွေးနွေးသွားမည်ဖြစ်သလို မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မည်သည့်အချိန်ကာလတွင် နျူကလီးယားကင်းစင်ရေးနောက်ဆုံးအပြီးသတ်ဆောင်ရွက်မည်နည်းဆိုသည့် ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် ဇွန် ၁၂ ရက်အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အဆိုပါ စာချုပ်စာတမ်းတွင် နျူကလီးယားကင်းစင်ရေး အသေးစိတ်အချက်အလက်များ မပါဝင်ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦး အစည်းအဝေးပြီးနောက် သတင်းထုတ်ပြန်ဖော်ပြချက်တွင် အမေရိကန်သမ္မတ ထရန့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အပြည့်အဝထောက်ပံ့သွားမည်ဖြစ်သလို တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေဖြင့်လည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားလုံးဝကင်းစင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပါရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် မကြာမီအချိန်တွင် မြောက်ကိုရီးယားအာဏာပိုင်များနှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလုံးဝကင်းစင်ရေး အသေးစိတ်အစီအစဉ်များကို ဆွေးနွေးသွားတော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**




# လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းသွားလာသူများလိုက်ပါလာသော လှေတိမ်းမှောက်ရာ ၁၀၀ ကျော် သေဆုံး

**ထရီပိုလီ ဇွန် ၃၀**

လစ်ဗျားနိုင်ငံ ကမ်းရိုးတန်းအလွန်တွင် ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသည့် လှေတိမ်းမှောက်ခဲ့ရာ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း လစ်ဗျားရေတပ်က မကြာသေးမီက ပြောခဲ့သည်။

ကလေးသုံးဦး၏ ရုပ်အလောင်းကို လစ်ဗျားရေတပ်က ဆယ်ယူရရှိခဲ့ပြီး အခြား ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း လစ်ဗျားရေတပ် ပြောရေးဆိုခွင့်ရှိသူ အာရှော့ဘ်ကွက်ဆန်က ပြောခဲ့သည်။

လူများအဆမတန်တင်ဆောင်လာသည်ကတစ်ကြောင်း၊ လှေကလည်း ဟောင်းနွမ်းနေသည်ကတစ်ကြောင်းတို့ကြောင့် အဆိုပါ လှေမှာတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါလှေပေါ်တွင် အာဖရိကနှင့် အာရပ်နိုင်ငံများမှ အမျိုးသမီးရွှေ့ပြောင်းသွားလာသူ ၁၂၅ ဦးကို တင်ဆောင်ခဲ့ကြောင်း ကယ်ဆယ်ရရှိခဲ့သည့် ရွှေ့ပြောင်းသွားလာသူတစ်ဦးက ပြောခဲ့သည်။

လစ်ဗျားရေတပ်သည် နိုင်ငံ၏ အနောက်ပိုင်း ကမ်းရိုးတန်းအလွန်တွင် လွန်ခဲ့သော နှစ်ပတ်အတွင်းက ရွှေ့ပြောင်းသွားလာသူ ၂၀၀၀ နီးပါးကို ကယ်ဆယ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရွှေ့ပြောင်းသွားလာသူ ရုပ်အလောင်း ၃၀ ကျော်ကိုလည်း ပင်လယ်အတွင်းမှ ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပတိုက်သို့ သွားရောက်လိုသည့် ရွှေ့ပြောင်းအခြေချသူများအတွက် လစ်ဗျားနိုင်ငံသည် ထွက်ပေါက်တစ်ခု ဖြစ်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံနည်းပညာကုမ္ပဏီ၏ ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်မှု မအောင်မြင်




**တိုကျို ဇွန် ၃၀**

ဂျပန်နည်းပညာကုမ္ပဏီတစ်ခု၏ အသေးစားအာကာသဒုံးပျံ လွှတ်တင်ရန်ကြိုးစားမှုသည် မအောင်မြင်ဘဲ ပေါက်ကွဲသွားခဲ့ကြောင်း၊ အင်ဂျင်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ထိုသို့ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံမြောက်ဘက်အကျဆုံး ဟော့ကိုင်းဒိုးစီရင်စုတွင် အခြေစိုက်သည့် အင်တာစတီးလားနည်းပညာကုမ္ပဏီသည် ၁၀ မီတာရှည်သော အာကာသဒုံးပျံတစ်စင်းကို တီထွင်ထုတ်လုပ်ခဲ့သည်။

အဆိုပါအာကာသဒုံးပျံယာဉ်ကို ဟော့ကိုင်းဒိုးစီရင်စုရှိ တိုင်ကီမြို့၌ ဇွန် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲက လွှတ်တင်ခဲ့ရာ အနည်းငယ်ပျံတက်ပြီး မကြာမီ ပေါက်ကွဲမှုဖြစ်ပွားကာ မြေပြင်ပေါ်ပြန်လည်ကျလာခဲ့ကြောင်း သိရသည်။

အာကာသဒုံးပျံလွှတ်တင်ရာနေရာသည် စိတ်ချရသောနေရာဖြစ်သောကြောင့် ဒုံးပျံပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသူတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

ကုမ္ပဏီကိုထောက်ပံ့သူများအား တောင်းပန်ပါကြောင်း အဆိုပါနည်းပညာကုမ္ပဏီ၏ဥက္ကဋ္ဌ တာကာဟီရိုအီနာဂါဝက ပြောခဲ့သည်။

အင်ဂျင်စနစ်တွင် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရသည့် အသေးစိတ်အချက်အလက်များကို ပြန်လည်စိစစ်နေသောကြောင့် တိကျသည့်သတင်းများကို လတ်တလောမထုတ်ပြန်နိုင်သေးကြောင်း သိရသည်။

ကုမ္ပဏီတည်ထောင်သူ တာကာဖူမီဟိုရီက ယခုကဲ့သို့ အာကာသဒုံးပျံလွှတ်တင်မှု မအောင်မြင်ဖြစ်လိမ့်မည်ဟု မျှော်လင့်မထားကြောင်း နောက်တစ်ကြိမ် ဒီ့ထက်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အပစ်ရပ်စဲရေး ပြီးဆုံးပြီဟုကြေညာပြီးနောက် အာဖဂန်တပ်ဖွဲ့များ ထိုးစစ်ပြန်လည်ဆင်နွှဲ

**ကဘူးလ် ဇွန် ၃၀**

သမ္မတအာ့ရှ်ရက်ဖ်ဂါနီက တာလီဘန်များနှင့်ပတ်သက်ပြီး ထုတ်ပြန်ခဲ့သည့် တစ်ဖက်သတ် အစိုးရအပစ်ရပ်စဲရေး ပြီးဆုံးခဲ့ပြီဟု ကြေညာလိုက်ပြီးနောက် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် ဇွန် ၃၀ ရက်က ထိုးစစ်ပြန်လည်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အပစ်ရပ်စဲရေးမှာ ၁၈ ရက်အထိ ကြာမြင့်ခဲ့ကြောင်းနှင့် အလွန်အောင်မြင်ခဲ့ကြောင်း သမ္မတဂါနီက ပြောခဲ့သည်။ အပစ်ရပ်စဲရေးမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ အာဖဂန်လုံခြုံရေး တပ်ဖွဲ့များအနေဖြင့် ၎င်းတို့၏ ထိုးစစ်များကို ပြန်လည်စတင်ရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဂါနီက သတင်းထောက်များကို ပြောခဲ့သည်။

တာလီဘန်တပ်ဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များသည် ရာမဒန်ဥပုသ်လ အပစ်ရပ်စဲရေးကာလအတွင်း ပျော်ပွဲရွှင်ပွဲများ ဆင်နွှဲခဲ့ကြောင်း သိရသည်။ တာလီဘန်များအနေဖြင့် အပစ်ရပ်စဲမည်ဆိုပါက ၎င်းအနေဖြင့်လည်း အဆင်သင့်ဖြစ်ကြောင်း သမ္မတဂါနီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



# ကမ္ဘာ့အကြီးဆုံးကြေးမောင်းအဖြစ် တရုတ်ကြေးမောင်း ဂင်းနက်စ်စံချိန်တင်

**ပေကျင်း ဇွန် ၃၀**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြုလုပ်သည့် ကြေးမောင်းကြီးတစ်လုံးသည် ကမ္ဘာ့အကြီးဆုံးကြေးမောင်းအဖြစ် ဂင်းနက်စ်စံချိန်တင်ခဲ့ကြောင်း ဂင်းနက်စ်စံချိန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ကြေးမောင်းကြီးသည် အချင်း ၆ ဒသမ ၆၈ မီတာနှင့် အနက် ၂ ဒသမ ၈ မီတာရှိပြီး အလေးချိန်အားဖြင့် တန်ချိန် ၅၀ ရှိကြောင်း သိရသည်။

အဆိုပါကြေးမောင်းကြီးကို တရုတ်ကြေးသွန်းပညာရှင် ဝေချီချူက ပုံစံရေးဆွဲပြီး ၁၀ လကြာ အချိန်ယူ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

ကြေးမောင်းကြီး၏ အပေါ်ပိုင်းမျက်နှာပြင်တွင် ဖားရုပ်လေးရုပ်၊ မောင်နန်းမျိုးနွယ်စု၏ ရိုးရာပုံစံများနှင့် ၎င်းတို့၏ကြားတွင် မျက်နှာဖုံးများထည့်သွင်းကာ အလှဆင်ထားကြောင်း သိရသည်။ ကြေးမောင်းကြီး၏ အောက်ခြေတွင် ၂ ဒသမ ၆၈ မီတာ အမြင့်ရှိသော နွားရိုင်းလေးကောင်ပုံပါရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုင်းနိုင်ငံလိုဏ်ဂူအတွင်း ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေ

**ဗန်ကောက် ဇွန် ၃၀**

ထိုင်းနိုင်ငံ လိုဏ်ဂူတစ်ခုအတွင်းပျောက်ဆုံးနေသည့် ဘောလုံးအားကစားသမား ၁၂ ဦးနှင့် နည်းပြတစ်ဦးတို့ကို ရှာဖွေရန် တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများ ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်း ချင်းရိုင်ခရိုင်အတွင်း ရေလွှမ်းမှုကြောင့် ခြောက်ရက်ကြာပိတ်မိနေသည့် ဘောလုံးအဖွဲ့တစ်ဖွဲ့အား ရှာဖွေမှုများပြုလုပ်ရန် တရုတ်နိုင်ငံလိုဏ်ဂူဆိုင်ရာ ကယ်ဆယ်ရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့သည် မကြာသေးမီက ထိုင်းနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ တရုတ်ကယ်ဆယ်ရေးအဖွဲ့တွင် စုစုပေါင်းအဖွဲ့ဝင်ခြောက်ဦးပါရှိပြီး ရေအောက်စက်ရုပ်၊ ရေငုပ်ကိရိယာနှင့် ဂူ၏သုံးဖက်မြင်ပုံရိပ်ဖော်စက် အပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ ယူဆောင်လာကြောင်း သိရသည်။ လူငယ်ဘောလုံးသမား ၁၂ ဦးနှင့် ၎င်းတို့၏ နည်းပြတို့သည် ဇွန် ၂၃ ရက်က ချင်းရိုင်ခရိုင်ရှိ သန်လောင်နန်နွန်ဂူအတွင်း ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါလူငယ်များနှင့် နည်းပြတို့အား ကယ်ဆယ်ရှာဖွေရေးအဖွဲ့များက ရှာဖွေလျက်ရှိရာ ဇွန် ၂၉ ရက်တွင် ခြောက်ရက်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ကြောက်မက်ဖွယ်မိုးရွာသွန်းမှုနှင့် ရေလျှံမှုများကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။

ထိုင်းအစိုးရ အဖွဲ့ကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်ဖွဲ့ဝင် ၁၀၀၀၀ ကျော် စေလွှတ်ထားကြောင်း သိရသည်။ ထိုင်းရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များသည် အမေရိကန်၊ ဗြိတိန်၊ လာအိုနှင့်မြန်မာနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ကျွမ်းကျင်သူများနှင့် တွဲဖက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### မဒါဂတ်စ်ကားသမ္မတရွေးကောက်ပွဲ နိုဝင်ဘာ ၇ ရက်၌ ကျင်းပမည်

**အန်တာနာနာရီဗို ဇွန် ၃၀**

မဒါဂတ်စ်ကားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း ဝန်ကြီးချုပ် ခရစ်စတီယန်နက်စ်ဆေးက မကြာသေးမီက ပြောကြားလိုက်သည်။

မဒါဂတ်စ်ကားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ ပထမအကျော့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားပြီး ဒုတိယအကျော့ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မဒါဂတ်စ်ကားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဇွန် ၂၉ ရက်တွင် ပြုလုပ်သည့် အစည်းအဝေး၌ အစိုးရကောင်စီက ဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးနောက် ဝန်ကြီးချုပ်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# အကြိတ်အနယ်ဆွေးနွေးခဲ့ရတဲ့ ဘရပ်ဆဲလ်က အီးယူထိပ်သီးအစည်းအဝေး

**ခြူးစန္ဒီနွေး**



ရွှေ့ပြောင်းဒုက္ခသည် အရေးနဲ့ ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကြားမှာ အတော်လေး အကျပ်ရိုက်နေတာ ကြာပါပြီ။ ဘရပ်ဆဲလ်မှာ ပြုလုပ်တဲ့အစည်းအဝေးမှာတစ်ညလုံးအကြိတ်အနယ်ဆွေးနွေးပြီးတဲ့အခါမှာတော့ ရွှေ့ပြောင်းဒုက္ခသည်တွေ အလုံးအရင်းနဲ့ ဝင်လာတဲ့အပေါ်မှာ ထိန်းချုပ်နိုင်ဖို့ သဘောတူညီမှု ရရှိလို့သွားပါပြီ။

**အီတလီရဲ့ခြိမ်းခြောက်မှု**

ရွှေ့ပြောင်းဒုက္ခသည် အရေးကြောင့် နိုင်ငံရေးပဋိပက္ခတွေ ပေါ်ပေါက်လာရုံမက ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာပါ အချင်းချင်းမညီညွတ်မှုတွေ ပေါ်လာခဲ့ပါတယ်။ အီတလီနိုင်ငံရဲ့လူကြိုက်များတဲ့ အစိုးရသစ်ကတော့ တကယ်လို့များသူတို့ဟာအကူအညီမရဘူးဆိုရင် အစည်းအဝေးရဲ့ အစီအစဉ်တွေအားလုံးကို ပယ်ချမယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ အီတလီနိုင်ငံဟာဆိုရင် အာဖရိကကလာတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေအတွက်အဓိကနားခိုရာနေရာလည်း ဖြစ်ပါတယ်။

**ဝင်ခွင့်ထွက်ခွင့်ပိတ်စခန်းများ**

မိမိသဘော ဆန္ဒအလျောက် လက်ခံတဲ့တိုင်းပြည်မှာ ပြင်ပဝင်ခွင့်ထွက်ခွင့်ပိတ်ပင်တဲ့စခန်းတွေ ထားရှိမယ်။ အဲဒီစခန်းတွေမှာ ဘယ်သူကတော့တရားမဝင် ဝင်ရောက်လာသူ၊ ဘယ်သူကိုတော့ နေရပ်ပြန်ပို့ရမယ်ဆိုတာခွဲခြားဖို့ ပြုလုပ်ထားမယ်လို့လည်း သိရပါတယ်။ ဒါပေမယ့်လည်း ဘယ်တိုင်းပြည်မှာ ဒုက္ခသည်တွေကို တရားဝင်ဟုတ်မဟုတ်ခွဲခြားဖို့စင်တာထားရှိမယ်ဆိုတာကိုတော့ အသေးစိတ်မပါသေးပါဘူး။ နိုင်ငံတွေကိုတရားမဝင် ဝင်ရောက်လာတဲ့ ဒုက္ခသည်အရေအတွက်ဟာ ၂၀၁၅ ခုနှစ်က အများဆုံးဖြစ်ပြီး အခုအခါမှာတော့ ၉၆ ရာခိုင်နှုန်း ကျဆင်းသွားပြီ ဖြစ်တယ်လို့လည်း ဥရောပကောင်စီက ပြောပါတယ်။ အီးယူနိုင်ငံတွေအတွင်း ရွှေ့ပြောင်းဒုက္ခသည်တွေရဲ့ လှုပ်ရှားမှုတွေကိုလည်း ကန့်သတ်လိုက်တယ်လို့ အီးယူခေါင်းဆောင်တွေရဲ့ ပူးတွဲထုတ်ပြန်ချက်မှာပါရှိပါတယ်။ အခုဥရောပထိပ်သီး အစည်းအဝေးပြီးတဲ့အခါ ဥရောပဟာ ပိုပြီးညီညွတ်လာရမှာပဲဖြစ်တယ်လို့ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက ပြောပါတယ်။ ယနေ့မှာတော့ အီတလီဟာ တစ်နိုင်ငံတည်းမဟုတ်တော့ပါဘူးလို့ ပြောခဲ့ပါတယ်။

**စစ်ဆေးမှုတွေလုပ်ဆောင်မယ့် စင်တာများ**

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကတော့ မတူညီတာတွေကို ဖြေရှင်းဖို့အတွက် ဒီ့ထက်ပိုပြီး လုပ်ဆောင်စရာတွေ အများကြီးရှိသေးတယ်လို့ ပြောပါတယ်။ အီတလီ၊ စပိန်၊ ဂရိတို့လို ဒုက္ခသည်တွေ ပထမဦးဆုံးရောက်ရှိတဲ့ နိုင်ငံတွေမှာ စုပုံနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချနိုင်ဖို့ရာ ဒုက္ခသည်တွေကို မိမိတို့သဘောဆန္ဒအလျောက်ထားရှိမယ့် စင်တာတွေ ပြုလုပ်တော့မှာပဲ ဖြစ်ပါတယ်။ အဲဒီစင်တာတွေမှာ တရားမဝင်ရွှေ့ပြောင်းဒုက္ခသည်တွေကို ဘယ်သူကတော့ဒုက္ခသည်အဖြစ် သတ်မှတ်ဖို့အထောက်အထားပြည့်စုံတယ်။ ဘယ်သူကတော့ မပြည့်စုံဘူး နေရပ်ပြန်ပို့ရမယ် အစရှိတာတွေလုပ်ဆောင်မှုပြုရမှာပဲ ဖြစ်ပါတယ်။

**တူရကီကိုပိုမိုထောက်ပံ့ပေးမည်**

အဲဒီ ထိပ်သီးအစည်းအဝေးမှာ အီးယူနိုင်ငံတွေ သဘောတူညီခဲ့တဲ့ အချက်တွေကလည်း အများကြီးပါပဲ။ အီးယူခေါင်းဆောင် ၂၈ ဦး သဘောတူညီခဲ့တာတွေက နယ်စပ်ထိန်းချုပ်ရေးကို ပိုမိုခိုင်မာအားကောင်းစေမယ်၊ ဒုက္ခသည်တွေကို ကြားထဲကနေ လက်ခံထားပေးတဲ့ တူရကီနိုင်ငံကို ဘဏ္ဍာရေးအရထောက်ပံ့မှုတွေ ပိုမိုထားရှိပေးမယ်။ လူကုန်ကူးမှုဂိုဏ်းတွေကို ဖြိုခွင်းနိုင်ဖို့ရာ ဒုက္ခသည်တွေ ဆိုက်ကပ်ခိုနားမယ့်နေရာတစ်ခုရှာဖွေပေးမယ်။

ဒါပေမယ့် မြောက်အာဖရိကလိုနိုင်ငံမျိုးတွေမှာ အဲဒီလိုစင်တာတွေ ထားရှိဖို့ ကမ်းလှမ်းရတာကတော့ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ မော်ရိုကိုနိုင်ငံကလည်း ကြာသပတေးနေ့ကပဲ အဲဒီကမ်းလှမ်းချက်ကိုပယ်ချခဲ့ပါတယ်။ ဘရပ်ဆဲလ်က ဆွေးနွေးပွဲကို မလာခင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ရွှေ့ပြောင်းဒုက္ခသည်ပြဿနာဟာ အီးယူရဲ့စည်းလုံးညီညွတ်မှုကို ကွဲပြားသွားနိုင်တယ်လို့လည်း ပြောခဲ့ပါတယ်။ ဥရောပဟာ အခုအချိန်မှာစိန်ခေါ်မှုတွေ အများကြီးနဲ့ ရင်ဆိုင်နေရတယ်။ အဲဒီထဲကမှ ရွှေ့ပြောင်းဒုက္ခသည် ပြဿနာဟာ ဥရောပရဲ့ အနာဂတ်ကို ဆုံးဖြတ်ပေးမယ့် အရာလို့ ပြောခဲ့ပါတယ်။

> **“ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ရွှေ့ပြောင်းဒုက္ခသည်ပြဿနာဟာ အီးယူရဲ့ စည်းလုံးညီညွတ်မှုကို ကွဲပြားသွားနိုင်တယ်လို့လည်း ပြောခဲ့ပါတယ်၊ ဥရောပဟာ အခုအချိန်မှာ စိန်ခေါ်မှုတွေ အများကြီးနဲ့ ရင်ဆိုင်နေရတယ်၊ အဲဒီထဲကမှ ရွှေ့ပြောင်းဒုက္ခသည် ပြဿနာဟာ ဥရောပရဲ့အနာဂတ်ကို ဆုံးဖြတ်ပေးမယ့်အရာလို့ ပြောခဲ့”**

**ဂရိနဲ့အီတလီတို့ရဲ့ဝန်ထုပ်ဝန်ပိုး**

အခုဘရပ်ဆဲလ်မှာ ပြုလုပ်တဲ့ ထိပ်သီးအစည်းအဝေးဟာဆိုရင် ယူရိုငွေကြေးခိုင်မာစေဖို့၊ ဗြိတိန်ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းကနေ နုတ်ထွက်ရေးကိစ္စအစရှိတာတွေ ဆွေးနွေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အီးယူနိုင်ငံတွေအတွင်းဒုက္ခသည်တွေ ဝင်ရောက်လာတာကို ဘယ်လိုကာကွယ်ကြမလဲ ဆိုတာက အဓိကဆွေးနွေးမယ့် အကြောင်းအရာဖြစ်သွားခဲ့ပါတယ်။ အီတလီနဲ့ ဂရိဟာ ဒုက္ခသည်တွေကို လက်ခံထားရတဲ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်။ အဲဒီအတွက် အခြားနိုင်ငံတွေကလည်းမျှဝေခံစားပေးစေလိုတယ်။ ဒါပေမယ့်လည်း ဥရောပအလယ်ပိုင်း နိုင်ငံတွေဟာ ဂရိနဲ့ အီတလီတို့မှာ အလွန်အမင်းများပြားနေတဲ့ ဒုက္ခသည်တစ်သိန်းခြောက်သောင်းကို ပြောင်းရွှေ့နေရာချထားမယ့် အီးယူရဲ့ အစီအစဉ်ကို လက်မခံပါဘူး။ အီးယူရဲ့ဒုက္ခသည်ခွဲဝေချထားမယ့် အစီအစဉ်ကို ဥရောပအလယ်ပိုင်းနိုင်ငံတွေက လက်မခံဘူးဆိုတဲ့ ကိစ္စဟာ အီတလီကို ပိုပြီးဒေါသထွက်စေခဲ့တာပါ။

**ဂျာမနီဝန်ကြီးချုပ်ရဲ့အခက်အခဲ**

ဒုက္ခသည်အရေးမှာ အမြဲလိုလိုတက်တက်ကြွကြွရှိခဲ့တဲ့ အိန်ဂျလာမာကယ်ဟာလည်း ဒီတစ်ခါမှာတော့ သူ့နိုင်ငံအတွင်းမှာကိုပဲ သဘောမတူညီမှုတွေနဲ့ ရင်ဆိုင်နေရတယ်။ သူ့ရဲ့ ပြည်ထဲရေးဝန်ကြီးဟာ ဂျာမနီနယ်စပ်မှာရောက်ရှိနေတဲ့ ဒုက္ခသည်တွေကို အဝေးကိုနှင်ထုတ်ဖို့စီစဉ်ထားပြီး အဲဒီအစီအစဉ်ကို ဒီတစ်ပတ်အတွင်း အကောင်အထည်ဖော်မယ်လို့ ခြိမ်းခြောက်ထားပါတယ်။ ဂျာမနီနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဟိုရက်ဆီဟိုဖာဟာအိန်ဂျလာမာကယ်ရဲ့မဟာမိတ် CSU ပါတီကဖြစ်ပြီး အဲဒီပါတီသာ အစိုးရအဖွဲ့ကနေ နုတ်ထွက်သွားခဲ့ရင် အိန်ဂျလာမာကယ်ဟာ ပါလီမန်မှာ အဓိကနေရာတွေ ဆုံးရှုံးရတော့မှာပဲ ဖြစ်ပါတယ်။

**ရွှေ့ပြောင်းဒုက္ခသည်တွေ ဝင်ရောက်လာရတဲ့အကြောင်းအရင်း**

အီးယူနိုင်ငံတွေအတွင်းဒုက္ခသည်တွေ ဘယ်လောက်များများ ဝင်ရောက်ခဲ့သလဲ။ ဆီးရီးယားနိုင်ငံမှာ ရှည်ကြာတဲ့ ပြည်တွင်းစစ်ပွဲ ဖြစ်ပွားတာရယ်၊ အခြားသော ပဋိပက္ခတွေကြောင့် ထွက်ပြေးလာသူတွေ ဒီလူတွေအားလုံးဟာ တစ်ပြိုင်နက်ဆိုသလို ခိုလှုံခွင့်တောင်းခံလာပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဒီပြဿနာတွေ စပေါ်ခဲ့ပြီး ဒုက္ခသည်အများအပြား ဥရောပကို အလုံးအရင်းနဲ့ လိုမ့်ပြီးဝင်ရောက်လာပါတော့တယ်။

**အီးယူနိုင်ငံများကြားမှ သဘောထားကွဲလွဲမှုများ**

ဒီတစ်လအတွင်းမှာတော့အာဖရိကကဒုက္ခသည်အများစုကို တင်ဆောင်လာတဲ့သင်္ဘောကို အီတလီကကမ်းကပ်ခွင့်မပေးခဲ့ပါဘူး။ အဲဒီအတွက်စပိန်က ကြားထဲကနေ ကမ်းကပ်ခွင့်ပေးလိုက်ရပြီး အီးယူအဖွဲ့အတွင်းမှာ အခြေအနေတင်းမာမှုတွေ ပိုတိုးလာပါတယ်။

နောက်ထပ် ဒုက္ခသည်တွေကို တင်ဆောင်လာတဲ့သင်္ဘောတွေ ထပ်ရောက်လာပေမယ့် အီတလီကတော့ ခေါင်းမာမာနဲ့ပဲ ကမ်းကပ်ခွင့်လုံးဝမပေးပါဘူး။ အဲဒီအတွက် မော်လ်တာနိုင်ငံက လက်ခံခဲ့ရပြီး အခုအခါ နော်ဝေနိုင်ငံကလည်း မော်လ်တာနိုင်ငံက ဒုက္ခသည်တွေကို မျှဝေလက်ခံမယ်လို့ သိရပါတယ်။

ဒီလို အခြေအနေတွေကြောင့်လည်း အီးယူအဖွဲ့အတွင်းမှာ စိတ်ဝမ်းကွဲမှုတွေ ပိုဖြစ်လာပြီး ဘရပ်ဆဲလ်မှာ ပြုလုပ်တဲ့ ထိပ်သီးအစည်းအဝေးမှာ အကြိတ်အနယ် ဆွေးနွေးဖို့အကြောင်းဖန်လာတာပဲ ဖြစ်ပါတယ်။ ၁၀ နာရီကျော်ကြာ ဆွေးနွေးမှုအပြီးမှာတော့ ဒုက္ခသည်တွေကို ဦးစွာလက်ခံရပြီး ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ နိုင်ငံတွေအတွက် ကျေနပ်စရာအဖြေတစ်ခု ထွက်လာခဲ့ပါတယ်။ ဝင်ခွင့်ထွက်ခွင့်ပိတ်ပြီး ဒုက္ခသည်အထောက်အထားနဲ့ ပြည့်စုံမှုရှိမရှိစစ်ဆေးမယ့် စင်တာဖွင့်လှစ်တော့မယ်ဆိုတဲ့ သတင်းဟာ အီတလီ၊ ဂရိနဲ့ စပိန်ကို တစ်စုံတစ်ခုသော အတိုင်းအတာထိတော့ အကျိုးသက်ရောက်မှု ရှိမှာပါ။ ဆွေးနွေးပွဲက ပြေပြေလည်လည်ပြီးသွားမှာ မဟုတ်ဘူး။ ဒုက္ခသည်အရေး ညှိနှိုင်းအဖြေရှာဖို့မလွယ်ဘူးဆိုတဲ့ ဝေဖန်မှုတွေကို ကျော်လွှားပြီး အီးယူအဖွဲ့ဝင်တွေကြား သဘောတူညီမှု ထားရှိနိုင်တာကိုက လက်တလောမှာ ကောင်းမွန်တဲ့သတင်းလို့ ဆိုရမှာပါ။

**ကိုးကား-နယူးယောက်တိုင်းမ် ဘီဘီစီ**

# ရွှေမော်ဝန်းလူမှုယဉ်ကျေး ကူညီရေးအဖွဲ့က ဘိုးဘွား ၂၃၀ အား ပူဇော်ကန်တော့

**ကျောက်တန်း ဇွန် ၃၀**
ရွှေမော်ဝန်း လူမှုယဉ်ကျေးကူညီရေးအဖွဲ့သတ္တမအကြိမ်မြောက် ကူညီစောင့်ရှောက်ရေး အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် ရွှေမော်ဝန်းသာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ပေါ်မှ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၂၃၀ အား ပူဇော်ကန်တော့ရာ အဘိုး ဦးတင်လှက ဆုပေးစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးအပါအဝင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၃၇ ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး မူလတန်းမှ တက္ကသိုလ် အဆင့်ထိ ကျောင်းသား ကျောင်းသူ ၆၉ ဦးတို့ကို ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခုနစ်ကျောင်း၊ ကျောင်းပြင်ပ ပညာရေးကျောင်း ခုနစ်ကျောင်း၊ ယဉ်ကျေးလိမ္မာသင်တန်း လေးခု၊ ကုသိုလ်ဖြစ်ဆေးခန်း ငါးခန်း၊ ဘိုးဘွားရိပ်သာ၊ နာရေးကူညီမှုအသင်း စသည်တို့အတွက် စုစုပေါင်း ငွေကျပ် ၂၂၉ သိန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**

# ဇီးကုန်းမြို့နယ် ဥပဒေရုံး ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဖွင့်

**ဇီးကုန်း ဇွန် ၃၀**
ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဥပဒေရုံးဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က မြို့နယ်ဥပဒေရုံးရှေ့၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအုန်းသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ သာယာဝတီခရိုင် ဥပဒေအရာရှိ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြို့နယ်ဥပဒေအရာရှိ ဦးဥက္ကာကျော်က ဝန်ထမ်းအိမ်ရာ အဆောက် အအုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဥပဒေချုပ်က အဖွင့်အမှာ စကားပြောကြားသည်။ ဥပဒေရုံးဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် Golden Peak Co,.Ltd မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ် ၄၈ ဒသမ ၂၉၆ သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး တစ်ထပ်အုတ်ညှပ် လေးခန်းတွဲအဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုအခြေအနေ







# စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ လူကူးခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်း ၈၆ ရာခိုင်နှုန်းခန့်ပြီးစီး



**ရန်ကုန် ဇွန် ၃၀**
ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း (မဟာမြိုင်နှင့် အ.ထ.က(၂) စမ်းချောင်း ရှေ့)ရှိလူကူးခုံးကျော်တံတား တည်ဆောက်မှုမှာ ယခုအခါ ၈၆ ရာခိုင်နှုန်းခန့် ပြီးစီး နေပြီဖြစ်ကြောင်း သိရသည်။

မြေနီကုန်းကားမှတ်တိုင်နှင့် မဟာမြိုင်မှတ်တိုင်တို့အနီးတွင် တည်ဆောက်လျက်ရှိသော အဆိုပါတံတားမှာ ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်သွားလမ်းကင်းလွတ် အမြင့် ပေ ၂၀၊ လူသွားလမ်း ၁၀ ပေ ပါဝင်မည်ဖြစ်ပြီး တံတား၏အရှည်မှာ ၉၁ ပေရှိကြောင်း သိရသည်။ တံတား၏ တစ်ဖက်စီတွင် အတက်သီးသန့်စက်လှေကား တစ်စင်းစီ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းလူကူးခုံးကျော်တံတားကို စက်တင်ဘာလအတွင်း အပြီးသတ်တည်ဆောက်သွားရန် မျှော်မှန်းထားကြောင်း တံတားဆောက်လုပ်လျက်ရှိသော ကုမ္ပဏီမှ တာဝန်ခံတစ်ဦးဖြစ်သူ ကိုမျိုးသန့်အောင်က ပြောကြားသည်။

ယခင်က မြေနီကုန်းမီးပွိုင့်ကို ဖြတ်သန်းရသော မော်တော်ယာဉ်များမှာ ခုံးကျော်တံတား တည်ဆောက်ပြီးစီး၍ ခုံးတံတားပေါ်မှ အရှိန်ဖြင့် မောင်းနှင်ကြသကဲ့သို့ မြေနီကုန်းမှတ်တိုင်တွင် ခရီးသည် အတက်အဆင်းပြုလုပ်ရန် ယာဉ်များ ရပ်တန့်ပေးရမှုတို့ကြောင့် ယင်းနေရာတစ်ဝိုက်သည် ယာဉ်ကြော ရှုပ်ထွေးပြီး လမ်းဖြတ်ကူးသူများအတွက် အန္တရာယ်များသော နေရာတစ်ခုဖြစ်သည်။ အဆိုပါ လူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးပါက မြေနီကုန်း စမ်းချောင်းအနီးတစ်ဝိုက်နေ ပြည်သူများ သာမက ပြည်လမ်းမကို လမ်းဖြတ်ကူးကာ အသုံးပြုသူတို့အနေဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် တံတားပေါ်မှ ဖြတ်သန်း သွားလာနိုင်ကြမည်ဖြစ်သည်။

အဆိုပါတံတားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြသက်တင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တာဝန်ယူတည် ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**

# ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ဘေးကင်းလုံခြုံရေး ပညာပေး

**ရန်ကုန် ဇွန် ၃၀**
မိုးရာသီကာလတွင် ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေး နှင့် ဘေးကင်းလုံခြုံရေးအတွက် ကူးတို့ ဆိပ်များ၌ သတ်မှတ်ထားသော စည်းကမ်း များကို လိုက်နာမှုရှိစေရန် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ် စက်တပ်သမ္ဗန် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များက ဇွန် ၂၉ ရက်က ပညာပေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်းရှိ မော်စက်ကူးတို့ ဆိပ်၊ ကမာကဆစ်ကူးတို့ဆိပ်နှင့် စက်မြေ ကူးတို့ဆိပ်တို့ကို ရှောင်တခင် စစ်ဆေး ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ အခြားစက်တပ် သမ္ဗန်ကူးတို့ဆိပ်အားလုံးကိုလည်း ထပ်မံ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ် ကြောင်း သိရသည်။ စစ်ဆေးရာတွင် စက်တပ်သမ္ဗန်ကူးတို့ဆိပ်များအားလုံး၌ ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေး အတွက် လက်ကိုင်အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းကို စဉ်ဆက်မပြတ် ပြောကြားရေး၊ အသက်ကယ်အင်္ကျီများ ထားရှိစေရေး၊ သတ်မှတ်ခရီးသည်ထက် ပိုမိုမလိုက်ပါစေရေး၊ ခရီးသည်များကို အသက်ကယ်အင်္ကျီများ ဝတ်ဆင်စေပြီး မှသာ မောင်းနှင်ကြရေးနှင့် ရေယာဉ် မောင်းသူများနှင့် ခရီးသည်များ လိုက်နာ ရမည့် စည်းကမ်းချက်များကို လူအများ မြင်သာအောင် ဗီနိုင်းဖြင့် ရေးသား၍ သမ္ဗန်ဆိပ်အဆင်း (ရန်ကုန်/ဒလ) ဘက်ခြမ်းတို့၌ ဆိုင်းဘုတ်ထောင်ထားရေး တို့ကို ဆောင်ရွက်ထားရှိရန် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးက ကူးတို့ဆိပ်များမှ ရေယာဉ်အသင်းဥက္ကဋ္ဌများအား မှာကြား ခဲ့သည်။

ထို့အတူ စက်တပ်သမ္ဗန်ကူးတို့ဆိပ် အားလုံး၌ အမောင်း/ပိုင်ရှင် လိုင်စင်များ ထားရှိစေရေးအတွက် စီစဉ်ဆောင်ရွက် သွားရန်နှင့် လကုန်သည်နှင့် ရ/သုံး ငွေစာရင်းရှင်းတမ်းများကို မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့တင်ပြ ရန်၊ လိုက်နာမှုမရှိသော ကူးတို့ဆိပ်များ ကို ပညာပေးမှုများဆောင်ရွက်ရန်၊ နောက်ပိုင်းတွင် ရေယာဉ်မောင်းနှင်သူ များနှင့် ခရီးသည်များ စည်းကမ်းလိုက်နာ မှု ရှိ/မရှိ ထပ်မံစစ်ဆေးခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက် ကြပြီး စည်းကမ်းလိုက်နာမှုမရှိသော ကူးတို့ဆိပ်များအား ထိရောက်စွာ အရေး ယူရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ညွှန်ကြားထားကြောင်း သိရသည်။

ဒလမြို့နယ် စက်တပ်ရေယာဉ်ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက မိုးရာသီ ကာလတွင် မိုးနှင့်လေကြောင့် မြင်ကွင်း များ မရှင်းပါက ရေယာဉ်များကို ထွက်ခွာ ခွင့်မပြုရေး၊ သတ်မှတ်ထားသော လူဦးရေ ထက် ပို၍မတင်ကြစေရေး၊ အသက်ကယ် အင်္ကျီများကို လူဦးရေနှင့်အညီ ထားရှိ စေရေး၊ အချက်ပြမီး တပ်ဆင်ထားရှိ စေရေး၊ ခရီးသွားပြည်သူများအား ယဉ်ကျေးပျူငှာစွာ ဆက်ဆံရေးနှင့် ရေယာဉ်မောင်းနေစဉ် အရက်သေစာများ သောက်စားခြင်းမပြုလုပ်ရေး စည်းကမ်း များ သတ်မှတ်ထားကြောင်း ပြောကြား သည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင် ကူးတို့သမ္ဗန်ဆိပ် ခြောက်ဆိပ်ရှိရာ ကမာအောင်ကူးတို့ဆိပ် ၌ အစီးရေ ၁၈၀၊ ရေကန်ကူးတို့ဆိပ်၌ ၂၂ စီး၊ တံလျှပ်ကူးတို့ဆိပ်၌ ၄၆ စီး၊ ဆာပါ ချောင်ကူးတို့ဆိပ် ၌ ၄၁ စီး၊ ကျောင်းစု (စက်မြေ) ကူးတို့ဆိပ်၌ ၂၂ စီး၊ ကျောင်းစု (လက်/ခပ်) ကူးတို့ဆိပ်၌ အစီး ၂၀ စုစု ပေါင်း ၃၃၁ စီးရှိပြီး၊ သမဝါယမအသင်းပိုင် ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ်ဖြစ်သည့် သမ္ဗတကမ်းခြေကူးတို့ဆိပ်၌ ၃၄ စီး၊ ကမာကသွယ်ကူးတို့ဆိပ်၌ အစီး ၃၀၊ ကမာကဆစ်ကူးတို့ဆိပ်၌ ၄၁ စီး၊ စက်မြေ ကူးတို့ဆိပ်၌ ၃၁ စီး၊ မော်စက်ကူးတို့ဆိပ်၌ ၃၁ စီး၊ စုစုပေါင်း ၁၆၇ စီးရှိ၍ ဒလမြို့နယ် တွင် စက်တပ်သမ္ဗန်ပေါင်း ၄၉၈ စီးရှိ ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-**
**နိုင်လင်းကျော် (ဒလ)**



# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၃၀**
မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ၁၃ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဇွန် ၃၀ ရက်နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က အမှာစကားပြောကြားသည်။ ယင်းနောက် အထွေထွေ အတွင်းရေးမှူး ဦးနောင်နောင်ဟန်က အသင်း၏ နှစ်ပတ်လည်အစီရင် ခံစာကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ဆက်လက်၍ တွဲဖက်ဘဏ္ဍာရေးမှူး ဦးရဲဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် အသင်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေက စည်းကမ်းပိုင်းဆိုင်ရာ တွေ့ရှိချက်များကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော်က သင်းဖွဲ့စည်းမျဉ်းအသစ်ပြင်ဆင်ချက် ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေပညာရှင် ဦးသန်းမောင်က မြန်မာ့ ခရီးသွားလုပ်ငန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေး တင်ပြကြသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင် ကုမ္ပဏီပေါင်း ၁၁၀၀ ကျော်နှင့် အသင်းဝင်ဦးရေ ၇၀၀ ကျော်ရှိသည်။ မြန်မာနိုင်ငံသည် အာရှဒေသတွင် သဘာဝအလှအပများ ပေါ်များပြီး ခရီးသွားအရင်းအမြစ် ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ တကာမှ အာရုံစိုက်မှုရှိပြီး စီးပွားရေးအရ ခရီးသွားလုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံလိုသူများကြောင့် လည်းကောင်း၊ စိတ်ဝင်တစား လာရောက် လည်ပတ်လိုသူများကြောင့် လည်းကောင်း မြန်မာ့ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် ပြောင်းလဲလာသည့် အခြေအနေ များနှင့်အညီ ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာ့ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်လျက်ရှိသည်။

ထို့ပြင် Federation of ASEAN Tourism Association ( FATA ) နှင့် ASEAN Tourism Association (ASEANTA) တို့တွင် အသင်းဝင်အဖြစ် ပါဝင်လျက်ရှိသည်။ **အောင်သူရ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၃၀-** မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မိုးစပါးစိုက်ခင်းများ ရွှေခရုနှိမ်နင်းလုပ်ငန်း စိုက်ပျိုးရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်

**တောင်ငူ ဇွန် ၃၀**
တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးအုပ်စု တောင်ဝင်းကုန်းကျေးရွာရှိ တောင်သူများစိုက်ပျိုးထားသော မိုးစပါး ခင်းများကို ရွှေခရုများ ကျရောက်ဖျက်ဆီး လျက်ရှိရာ အဆိုပါကျေးရွာသို့ ဇွန်လ ၂၉ ရက်နေ့က ခရိုင်ဦးစီးမှူးအပါအဝင် ခရိုင် ပိုးမွှားတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ် ဦးစီးမှူး ဦးအောင်ဆန်းဦးနှင့် ဝန်ထမ်း များက ပညာပေးဆွေးနွေးခြင်း၊ လက်ကမ်း စာစောင်ဖြန့်ဝေခြင်း၊ သဘာဝနည်းလမ်း များဖြင့် ကာကွယ်ခြင်း၊ ကျေးရွာများ၌ အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာမှ ခရုကျရောက်သော စိုက်ခင်းများအတွင်းသို့ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ၊ ကျေးရွာလယ်စီ အဖွဲ့ဝင်များ၊ တောင်သူများ စုပေါင်း၍ ရွှေခရုများအား စုပေါင်းကောက်ယူခြင်း၊ ရွှေခရုဥမြုများ ကောက်ယူပြီး ခရုနှင့် ဥမြုများ ဖျက်စီးပစ်ခြင်း၊ မျှားစာများချခြင်း၊ ဝါးခြမ်းတိုင်များ စိုက်ထူခြင်းတို့ကို စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

တောင်သူများ အဆင်ပြေစေရန် စိုက်ပျိုးရေးသုံး ဆေးကုမ္ပဏီများနှင့်လည်း တိုက်ရိုက်ချိတ်ဆက်၍ ခရုသတ်ဆေးများ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရန် အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သူရ (တောင်ငူ)**



# မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များရှိ လယ်မြေဧက ၁၂၀၀ ခန့်တွင် ပေါက်ပွားနှုန်းမြန် ရွှေခရုစပါးဖျက်ပိုး ကျရောက်နေ

**မြစ်ကြီးနား ဇွန် ၃၀**
ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား မြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်း မိုးစပါးစိုက်ရာသီတွင် လယ်ယာမြေများ အတွင်း ပေါက်ပွားနှုန်းမြန်ဆန်သည့် ရွှေခရုစပါးဖျက်ပိုးများ လယ်မြေဧက ၁၂၀၀ ခန့်တွင် ပေါက်ပွားလျက်ရှိကြောင်း မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဝင်းက ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့၌ ကျင်းပသည့် ရွှေခရုနှိမ်နင်းရေး ထုံးပက်ဖျန်းခြင်း အခမ်း အနားတွင် ပြောကြားသည်။

“ရွှေခရုစပါးဖျက်ပိုးတွေဟာ ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ရာသီမှာ ဝိုင်းမော်မြို့နယ် အတွင်း ဧက ၁၀၀၀ လောက်နဲ့ မြစ်ကြီးနား မြို့နယ်အတွင်းမှာ ဧက ၂၀၀ လောက် ကျရောက်ခဲ့ပါတယ်။ အရင်ကတော့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေး ဝန်ထမ်းတွေပူးပေါင်းပြီး ခရုသတ်ဆေး ပက်ဖျန်းခြင်း၊ ထယ်ရေးလှန်ခြင်း၊ လူထု အားနဲ့ ခရုကောက်ခြင်းများကို ဆောင်ရွက် ခဲ့တာဖြစ်ပြီး အခု ၂၀၁၈ ခုနှစ် စပါးစိုက် ရာသီအကြိုမှာတော့ ထုံးပက်ဖျန်းကြိုတင် ကာကွယ်နှိမ်နင်းခြင်းကို ဆောင်ရွက်တာ ဖြစ်ပါတယ်” ဟု ခရိုင်စိုက်ပျိုးရေးဦးစီး ဌာနမှူးက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံ ဒေါ်ဝေဝေက “ရွှေခရုတွေက ပေါက်ပွား နှုန်းမြန်ဆန်ပြီး များပြားပါတယ်။ ဒီနှစ်မှာ တော့ ဘက်စုံသီးနှံကာကွယ်ရေးစနစ်နဲ့ ရွှေခရုကြိုတင်ကာကွယ်ရေး လုပ်ငန်းကို မြေမပြုပြင်မီ ထုံးပက်ဖျန်း ကြိုတင် ကာကွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း ဖြစ်ပြီး အခုလိုဆောင်ရွက်တာဟာ ထိရောက်မှုရှိကာ တောင်သူအသိပညာပေး တာတွေလည်း ဆောင်ရွက်လျက်ရှိပါ တယ်” ဟု ရှင်းလင်းပြောကြားသည်။

အလားတူ မန်ခိန်ရပ်ကွက်နေ ဒေသခံတောင်သူ ဦးတူးမိုင်က “အရင် ကတော့ ရွှေခရုကို ဒီအတိုင်းလိုက်ကောက် တာနဲ့ ခရုဆေးပက်ဖျန်းတဲ့လုပ်ငန်းတွေ ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဦးဆောင်ညွှန်ကြား မှုနဲ့ မြေမပြုပြင်ခင် ထုံးပက်ဖျန်းကြိုတင် ကာကွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ တာ အခုဆိုရင် ရွှေခရုတွေ သေနေတာကို တွေ့ရပါတယ်။ အရင်ကတော့ ရွှေခရု ဖျက်ဆီးမှုကို မနိုင်တော့ စပါးကို နှစ်ခါ၊ သုံးခါ ပြန်စိုက်ရတာ ရှိခဲ့ဖူးပါတယ်။ ဒီနှစ် မှာတော့ အဲဒီလို ပြန်စိုက်ရတာ မရှိတော့ ဘူးလို့ ယုံကြည်ပါတယ်။ နည်းစနစ်နဲ့ ထုံးထောက်ပံ့ပေးတဲ့ စိုက်ပျိုးရေးဦးစီး ဌာနကိုလည်း ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။ မြစ်ကြီးနားမြို့နယ် အတွင်း တပ်ကုန်းရပ်ကွက်နှင့် မန်ခိန် ရပ်ကွက်နေ တောင်သူများရှိ လယ်မြေဧက ၂၀ အတွက် ထုံးအိတ် ၂၀၀ ကို စိုက်ပျိုးရေး ဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခဲ့ပြီး လယ် ယာမြေများအတွင်း ရွှေခရုနှိမ်နင်းရေး ကြိုတင်ကာကွယ်ရေး ထုံးပက်ဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ရှင်းရှင်းကြာဆံစက်ရုံအလုပ်သမားများ ၂၃ ရက်ကြာခဲ့သော်လည်း ပြေလည်မှုမရ၍ ဆက်လက်ဆန္ဒထုတ်ဖော်

**ရန်ကုန် ဇွန် ၃၀**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန် ၂ ဦးထွန်းညိုလမ်းရှိ ရှင်းရှင်းကြာဆံစက်ရုံမှ အလုပ်သမားများ ဆန္ဒထုတ်ဖော်သည်မှာ ၂၃ ရက်ကြာခဲ့ပြီဖြစ်သော်လည်း ပြေလည်မှု မရရှိသေးကြောင်း သိရသည်။

စက်ရုံအလုပ်သမား ၁၀၀ ကျော်သည် ဇွန် ၈ ရက်ကတည်းက ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ပြီး လုပ်ခလစာကိစ္စ၊ အရေးပေါ် ထိခိုက်ဒဏ်ရာရရှိမှုအတွက် ဆေးရုံ၊ ဆေးခန်းကိစ္စအပါအဝင် တောင်းဆိုချက် ၁၂ ချက်ကို တောင်းဆိုထားကြောင်း ဆန္ဒပြ အလုပ်သမားတစ်ဦးထံမှ သိရသည်။

ရှင်းရှင်းကြာဆံစက်ရုံအနေဖြင့် အလုပ်သမားများကို လစာ ရှင်းရာတွင် နိုင်ငံတော်က သတ်မှတ်ခဲ့သည့် အနည်းဆုံးလုပ်ခလစာ တစ်နေ့ ၄၈၀၀ ကျပ်နှင့် ရှင်းပေးသော်လည်း အရင်ကပေးနေသည့် ရက်မှန်ကြေး၊ ကျွမ်းကျင်ကြေး၊ လုပ်သက်ကြေးများကို မပေးတော့ ခြင်းကြောင့် အလုပ်သမားများအတွက် လုပ်ခလစာတိုးမလာဘဲ အရင်လစာအတိုင်းသာ ရရှိနေကြောင်း ဆန္ဒပြအလုပ်သမား ဒေါ်မြနှင်းနွယ်က ပြောသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာန နှင့် အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးရုံးများက ခေါ်ယူဖြေရှင်းပြီး ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သော်လည်း စက်ရုံတာဝန်ရှိသူ များသည် ဇွန် ၃၀ ရက်အထိ ၂၃ ရက်ကြာသည်အထိ အလုပ်သမားများနှင့် တွေ့ဆုံညှိနှိုင်းခြင်း မရှိသေး၍ သက်ဆိုင်ရာ အဆင့်ဆင့်သို့ ဆက်လက်တိုင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၅/၉၀၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၂၀ ကျပ် | ၉၄၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၇၅ ကျပ် | ၉၂၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၂၅ ကျပ် | ၉၇၅/၉၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၂၆ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၇ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၂ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ · ၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၄၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၇ · ၄၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၄၀၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီမွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၃၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၃၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၃၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm








ကာတွန်း အောင်ဇေယျ
ကျော်ကျော်
ဟာဟာ...တုံးကြီးဥာဏ်ရှိတယ်၊ ဒါကြွားစရာလား၊
တကယ်ကြီးအထက်တန်းကျပါတယ်ဆို..၊
ဘယ်လိုအထက်တန်းကျတာလဲ၊
ကျောက်ကြီးရေ... တကယ်တော့ ငါတို့အမျိုးတွေအားလုံးက၊ အထက်တန်းကျတဲ့သူတွေချည်းပဲကွ၊
တုံးသာတုံးတာ၊ ကြွားတတ်တယ်နော်၊
ဂုဏ်ပကာသနရှိတာကိုပြောတာလား၊
မဟုတ်ဖူးလေ၊ အထက်တန်းကျတယ်ဆိုတာ.......
၁၀တန်းမအောင်တာကိုပြောတာပါ...ပဲ..၊
အိ
မဟုတ်မှာ၊ တုံးကြီးအမျိုးကိုး...သူနော်...၊
ကာတွန်းဆရာ - ၂၀၁၈


ရွှေပါမောက္ခ
ဖိုးသာထူး
မေမေရေ မေမေရေ။
သား ချန်ပီယံဖြစ်ပြီဗျ။ မေမေရေ။
ဟယ်.. တကယ်။
ဘယ်လို ချန်ပီယံဖြစ်လာတာလဲ ဆိုတာ။
မေမေ့ကို ပြောပြစမ်းပါဦး ကွယ်။
ဒီလို.. မေကြီးရ ဒီနေ့ကျောင်းမှာ.. ဆရာမက သားကို 'ချန်ပီယံ' ဘွဲ့ ပေးလိုက်တယ်ဗျ။
ဟုတ်ပြီ။
အစားနဲ့အအိပ်တွေမှာ ဖိုးသာထူးက ချန်ပီယံပဲတဲ့.. မေမေရဲ့။


ဘယ်ကျော်
အင်း ... ကစားရတာ ဗိုက်တောင်ဆာလာပြီ...
မေမေရေ...ဒီနေ့ ဘာဟင်းလဲ ဗျို့ ...
ကြက်သား ဆီပြန် ... သားရဲ့ ...
ဟင်... မေမေ ... !
မနေ့ကလည်းကြက်သား ဆီပြန်ချက်ထားတာကို...ဘာလို့ ဒီနေ့လည်းထပ်ချက်ရတာလဲ...
ဒီနေ့ထပ်ချက်တာ... မဟုတ်ပါဘူး သားရဲ့
မနေ့က ချက်ထားတဲ့ဟင်း မကုန် သေးတာပါ။ တကယ်လို့ ဒီနေ့ ကုန်အောင် မစားဘူး ဆိုရင် မနက်ဖြန်လည်း ဒီဟင်း ပဲ ထပ်စားရဦးမှာ...

## ဆင်နှင့်လူ သဟဇာတဖြစ်ရေးအတွက် စိုက်ခင်းများတွင် လျှပ်စစ်ခြံစည်းရိုးကာရံရေး ဆွေးနွေး

**တိုက်ကြီး ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အစည်းအဝေးတွင် ဆင်နှင့်လူ သဟဇာတဖြစ်ရေးနှင့် လယ်သမားများစိုက်ပျိုးထားသော စိုက်ခင်းများကို ဆင်များ ဝင်ရောက် ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရေးအတွက် လျှပ်စစ်ခြံစည်းရိုးများ ကာရံရေးကို အဓိကထား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး Smithsonian Institution (မြန်မာပရိုဂရမ်)မှ တာဝန်ရှိသူ ဦးအောင်မျိုးချစ်နှင့် လျှပ်စစ်ခြံစည်းရိုးကာရံခြင်း တာဝန်ခံ ဦးခင်မောင်ကြီးတို့က လျှပ်စစ်ခြံစည်းရိုးများ ကာရံနိုင်ရေးအတွက် လိုအပ်သည့်အချက်များ၊ တောင်သူများက ပြုလုပ်ဆောင်ရွက်ပေးရမည့်အချက်များကို အသေးစိတ် ဆွေးနွေးခဲ့သည်။

စိုက်ခင်းများကို လျှပ်စစ်ခြံစည်းရိုး ကာရံရာတွင် စိုက်ခင်းများသည် ဧက ၂၀၊ ၄၀၊ ၈၀ စသည်ဖြင့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရန်လိုအပ်ပြီး ကာရံရာတွင် ဆင်သွားနေကျလမ်းများကို ချန်လှပ်၍ကာရံရန် လိုအပ်ကြောင်းနှင့် တောင်သူများက ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြကြရန်လိုအပ်ကြောင်း၊ အချို့တောင်သူများသည် လျှပ်စစ်ခြံစည်းရိုးကာရံမှုကို အကြောင်းပြပြီး မိမိပိုင်ဆိုင်မှု ပုံစံ(၇) ရလိုမှုတွက် တင်ပြတောင်းခံမှုများ ရှိကာ အချို့မှာ အမှန်တကယ်လိုအပ်ကြကြောင်း၊ တောင်းဆိုမှုများကို စိစစ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ခံ ဦးခင်မောင်ကြီးက ပြောသည်။

လျှပ်စစ်ခြံစည်းရိုးကာရံနိုင်ရန်အတွက် စက်များ၊ ဘက်ထရီအိုးများနှင့် လျှပ်စစ်ကြိုးများကို ဧက ၂၀ စာ၊ ဧက ၄၀ စာ၊ ဧက ၈၀ စာ စသည်ဖြင့် အခမဲ့ပေးသွားမည်ဖြစ်ပြီး ခြံစည်းရိုးများကို ထိန်းသိမ်းနိုင်ရန်အတွက် စုငွေ ကျပ်သိန်းဂဏန်းကို လယ်သမားများက ဘဏ်စာအုပ်ဖွင့်စုဆောင်းရန် လိုအပ်ကြောင်း၊ ရေရှည်တွင် ဘက်ထရီများနှင့် လျှပ်စစ်ကြိုးများကို လဲလှယ်ရန်လိုအပ်ကြောင်း၊ ယခုဆိုလျှင် ချောင်းဆောက်အုပ်စုနှင့် ဖလုံအုပ်စုများတွင် လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ လျှပ်စစ်ခြံစည်းရိုးအပြင် ဆင်လာလျှင် အလိုလိုအော်မြည်သည့် အချက်ပေးစက်၊ လှုပ်ရှားမှု အာရုံခံကိရိယာနှင့် အသံမြည် မီးလင်းကိရိယာများကိုလည်း ဆင်အန္တရာယ်ကာကွယ်နိုင်ရန် ကျေးရွာများသို့ ပေးအပ်ထားကြောင်း သိရသည်။

ဖလုံအုပ်စု အလယ်မြောင်ရွာမှ လယ်သမားတစ်ဦးက "ကျွန်တော်တို့ ဧက ၈၀ စုစည်းပြီး လျှပ်စစ်ခြံစည်းရိုး ကာထားတယ်၊ သုံးနှစ်ရှိပြီ၊ ဆင်အန္တရာယ်ကို ကာကွယ်ပါတယ်၊ အဖျက်ဆီးမခံရပါဘူး"ဟု ပြောသည်။

ဆင်နှင့်လူ သဟဇာတဖြစ်ရေးအတွက် လျှပ်စစ်ခြံစည်းရိုးကာရံရေး လုပ်ငန်းများကို ကျေးရွာများတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးကို Smithsonian Institution (မြန်မာပရိုဂရမ်)နှင့် ဒေသခံများ ပူးပေါင်းသည့်အပြင် အစိုးရ ဌာနများနှင့်ပါ ပူးပေါင်းလုပ်ဆောင်သွားနိုင်ရန်လည်း ဆင်အန္တရာယ်နှင့် ကြုံတွေ့နေရသော ကျေးရွာများမှ ပြည်သူများက မျှော်လင့်လျက်ရှိသည်။

**ထွန်းလှိုင်(မြိုင်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ ခုတွင် မူးယစ်ဆေးဝါးပျံ့နှံ့လျက်ရှိ

**မုံရွာ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု လုံးဝမရှိသော်လည်း အဆိုပါမြို့နယ်များအနက် ၃၃ မြို့နယ်အထိတွင် မူးယစ်ဆေးဝါးများ ပျံ့နှံ့ရောက်ရှိလျက်ရှိ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၈)မှ တပ်ဖွဲ့စုမှူး ရဲမှူးကိုကိုနိုင်၏ ပြောကြားချက်အရ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ အခိုင်အမာပြောနိုင်တာကတော့ ကျွန်တော်တို့တိုင်းဒေသကြီးအတွင်းမှာ ထုတ်လုပ်တာမရှိပါဘူး၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းနဲ့ သုံးစွဲခြင်းတွေပဲ ရှိတဲ့အတွက် အဲဒီသုံးမျိုးကို အဓိကထားပြီး နှိမ်နင်းပါတယ်၊ သယ်ဆောင်တဲ့အခါမှာ သုံးစွဲတဲ့ လူငယ်တွေကို ဖမ်းမယ့်အစား အများကြီးသယ်ဆောင်တဲ့ လက်ကြီးသမားတွေကို ဖမ်းဆီးရေးကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က လမ်းညွှန်ထားပါတယ်၊ သယ်ဆောင်ရောင်းဝယ်မှု အမြောက်အမြားလုပ်တဲ့သူတွေကို ဖမ်းဆီးရမိရေး လုပ်ဆောင်လျက်ရှိပါတယ်"ဟု ရဲမှူးကိုကိုနိုင်က ပြောသည်။

လွန်ခဲ့သော နှစ် ၂၀ ခန့်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးပျံ့နှံ့မှုသည် မြို့နယ် ၃၇ မြို့နယ်အနက် ၁၈ မြို့နယ်တွင်သာ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် မြို့နယ် ၃၃ မြို့နယ်အထိ ပျံ့နှံ့လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ သုတေသနပြုချက် မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ရိုးမပတ်လမ်းပေါ်ရှိ အောင်လံ-သမ္ဘူလလမ်းပိုင်းတွင် ပြုပြင်မှုများလုပ်ဆောင်ရန် လိုအပ်နေ

**အောင်လံ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၏ အရှေ့ဘက်ရှိ အောင်လံ-သမ္ဘူလ ကားလမ်းမှာ ယခုရက်များအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းပေါ်ရေကျော်ခြင်း၊ ရေတိုက်စားမှုကြောင့် လမ်းဘေးတွင် ချောက်များဖြစ်နေခြင်း စသည့် လမ်းပျက်စီးမှုများ ဖြစ်ပေါ်နေသဖြင့် ၎င်းလမ်းကို အသုံးပြု၍သွားလာနေကြရသော ပြည်သူများ စိုးရိမ်ပူပန်မှု များရှိနေပြီး တာဝန်ရှိသူများက လမ်းကိုပြုပြင်ပေးရန် လိုလားနေကြကြောင်း သိရသည်။

"ဒီလမ်းက ကျွန်တော်တို့ရဲ့ အသက်သွေးကြောပဲ၊ အခုဆို ရွာမထုံးရွာအရှေ့ဘက်၊ ရေပေါ်နဲ့ စခန်းကြီးကြားလမ်းပိုင်းတွေမှာ ရေတိုက်စားပြီး လမ်းတွေ တော်တော်လေး အခြေအနေဆိုးနေတယ်၊ လမ်းတွေကို ဆက်လက်ပြီး မပြုပြင်ဘဲထားရင် ပိုမိုပျက်စီးပြီး နိုင်ငံဘဏ္ဍာကိုထိခိုက်လာနိုင်တယ်၊ ဒါကြောင့် ခုကတည်းက ပျက်စီးနေတဲ့နေရာတွေကို ပြုပြင်သင့်တယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါ အောင်လံ-သမ္ဘူလ ကားလမ်းသည် ရိုးမပတ်လမ်းနှင့် ဆက်သွယ်ရာလမ်းဖြစ်ပြီး အောင်လံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ ဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့အတွက် အားထားအသုံးပြုနေကြရသော လမ်းမကြီးလည်းဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## အလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲ ဟားခါးမြို့၌ ကျင်းပ

**ဟားခါး ဇွန် ၃၀**

၂၀၁၈ ခုနှစ် ဟားခါးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အလွတ်တန်း မီနီမာရသွန်(ကျား၊ မ)ပြိုင်ပွဲကို ဇွန် ၂၉ ရက် နံနက် ၆ နာရီက ဟားခါးမြို့ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အားကစားသမား ကျောင်းသား၊ ကျောင်းသူ ၁၀၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်များသည် ဝမ္မသူးမောင်အားကစားကွင်းမှ စတင်တာထွက်ပြီး ဗိုလ်ချုပ်လမ်းမတစ်လျှောက်ပြေး၍ နီလောန်းလမ်းခွဲမှ တစ်ဆင့် ဝမ္မသူးမောင်အားကစားကွင်းသို့ ပြန်လည်ပန်းဝင်ကြသည်။ အဆိုပါ မီနီမာရသွန်ပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ပထမဆုကို အထက(ခွဲ) ဈေးသစ်ကျောင်းမှ မောင်ဟုန်းမာန်နှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကို အထက(၂)ကျောင်းမှ မဟာနတို့က ရရှိကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်အခြေခံပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကျိန်ဇာငြိမ်း၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ခံ ဦးစောနေမင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ငူခရိုင်၌ မြေဆီလွှာ အဆင့်အတန်း၊ မြေသြဇာသုံးစွဲမှု၊ အထွက်နှုန်းနှင့် ဈေးကွက်အခြေအနေများကို စစ်တမ်းကောက်ယူ

**တောင်ငူ ဇွန် ၃၀**

စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရန်၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးပြည့်ဝသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်စေရန်၊ သွင်းအားစုများကို စနစ်တကျ သုံးစွဲကြရန်၊ ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများကို ကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်နှင့် GAP စံနှုန်းများကို လိုက်နာဆောင်ရွက်လာကြစေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြေ၊ မျိုး၊ ပိုးစသည့် ကဏ္ဍအသီးသီးမှ ပညာရှင်ဝန်ထမ်းများက နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ကျေးရွာအရောက်၊ စိုက်ကွင်းများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း အုတ်တွင်းမြို့နယ်မှ ကျွဲပွဲကျေးရွာအုပ်စု ကျွဲပွဲကျေးရွာနှင့် တောင်ငူမြို့နယ် ဆူးတပ်ကျေးရွာအုပ်စု ဆူးတပ်ကျေးရွာတို့၌လည်း စပါးစိုက်တောင်သူ ၁၀၀ ၏ လယ်မြေများ၌ မြေဆီလွှာအဆင့်အတန်း၊ မြေသြဇာသုံးစွဲမှု၊ အထွက်နှုန်းရရှိမှုနှင့် ဈေးကွက်အခြေအနေများ စစ်တမ်းကောက်ယူခြင်းကို စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့် ဦးဆောင်၍ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် မြေအသုံးချရေးဌာနခွဲမှ ဝန်ထမ်းများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်မှ ဝန်ထမ်းများအဖွဲ့က ဇွန်လ နောက်ဆုံးပတ်အတွင်းက ကွင်းဆင်း၍ စစ်တမ်းကောက်ယူခဲ့ကြသည်။

အဆိုပါစစ်တမ်းအဖြေအရ ဒေသအလိုက်စိုက်ပျိုးသည့် အထွက်ကောင်းမျိုးများ၏ ရည်မှန်းအထွက်နှုန်းပြည့်မီရေးအတွက် ဓာတ်မြေသြဇာများကို ထောက်ခံနှုန်းထားများအတိုင်း သုံးစွဲနိုင်ရေးနှင့် သဘာဝမြေသြဇာ၊ သစ်စိမ်းမြေသြဇာများ တွဲဖက်အသုံးပြုရေးတို့ကိုလည်း ပညာရှင်ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာများမှ တောင်သူများအား ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး**

## ညောင်လေးပင်မြို့နယ်မှ ရေရရှိရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် တာဝန်ရှိသူများက ဇွန် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာလူကုန်းကျေးရွာနှင့် ကျွဲသေမြောင်ကျေးရွာတို့၌ ဆောင်ရွက်နေသော တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပြီး မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မျိုးက လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသကာ တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရွာနှစ်ရွာ၌ တူးဖော်နေသော ရေတွင်းမှာ အနက်ပေ ၂၀၀၊ လေးလက်မစက်ရေတွင်းများဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ကျပ်လေးသန်းစီဖြင့် ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းများပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၉၈ လုံးမှ လူဦးရေ ၁၃၀၀ နီးပါးအတွက် ရေလုံလောက်စွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကန်ကြီးထောင့်မြို့၌ SMU စီမံကိန်းရန်ပုံငွေဖြင့် တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ချေး

**ကန်ကြီးထောင့် ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာ၌ ဆောင်ရွက်နေသော မြန်မာဆယ်မာအူးလ်အွန်ဒုန်(SMU) စီမံကိန်းအရ ကျေးရွာနေတောင်သူများထံသို့ စီမံကိန်းမှ စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၂၉ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကွင်းယားကြီးကျေးရွာသည် ၂၀၁၇ ခုနှစ် SMU စီမံကိန်းလှုပ်ရှားမှုတွင် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး ထူးချွန်ဆု အေအဆင့် ရရှိခဲ့သည့်အတွက် ထပ်ဆောင်းရရှိလာသည့် ငွေများထဲမှ ချေးငွေများ ထုတ်ပေးခြင်းဖြစ်ကာ တောင်သူ ၅၃ ဦးထံသို့ တစ်ဦးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ချေးငွေ ကျပ် ၁၀၆ သိန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ရှိသူများက တောင်သူများထံသို့ ပေးအပ်ခဲ့သည်။ စီမံကိန်းမှရရှိသည့် ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း သုံးရပ်ကို ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းတစ်ရပ်ဖြစ်သော ဝင်ငွေတိုးပွားရေးလုပ်ငန်းအတွက် ရရှိသည့် ရန်ပုံငွေ ကျပ် ၄၁၁ သိန်းကျော်ကို ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများအတွက် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးထားကြောင်း ကျေးရွာ စီမံကိန်းကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မအူပင်အကျဉ်းထောင်သို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး သွားရောက်စစ်ဆေး

**မအူပင် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးညွန့်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးထိန်မင်း၊ ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ ခရိုင်တရားသူကြီး ဦးအောင်မြင့်၊ မြို့နယ်တရားသူကြီး ဒေါ်သင်းသင်းဇော်တို့နှင့်အတူ ဇွန်လနောက်ဆုံးပတ်အတွင်းက မအူပင်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့အား မအူပင်အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း လိုက်လံပြသ၍ အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်သား အချုပ်သူများ၏ နေထိုင်စားသောက်မှု အခြေအနေ၊ သောက်သုံးရေရရှိမှု အခြေအနေ၊ အကျဉ်းထောင်အတွင်း ချုပ်နှောင်ထားသည့် အကျဉ်းသား အကျဉ်းသူနှင့် အချုပ်သား အချုပ်သူများ၏ အရေအတွက်နှင့် အဆောက်အအုံ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးသည် အကျဉ်းသား အချုပ်သားများနှင့် တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်မှု ရှိ၊ မရှိကို မေးမြန်းခဲ့ပြီး အမှုများ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ရန်အတွက်လည်း တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဗထူး**

## သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းများမဖြစ်ပွားစေရေး ဟောပြော

**မိုးညို၊ ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့၌ သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းများ မဖြစ်ပွားစေရေးအတွက် ဟောပြောပွဲကို ရွှေဥဒေါင်းရပ်ကွက်ရှိ မိုးညိုမြို့နယ် ရဲတပ်ဖွဲ့စခန်းဓမ္မာရုံ၌ ဇွန်လနောက်ဆုံးပတ်အတွင်းက ပြုလုပ်ခဲ့ရာ မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ခန့်က မှုခင်းလျော့နည်းကျဆင်းရေး ဆိုင်ရာများကို ဟောပြောဆွေးနွေးပြီး မိုးညိုမြို့ရဲစခန်းမှူး ဒုရဲမှူးကျော့ဟန်က သက်ငယ်မုဒိမ်းနှင့်ပတ်သက်၍ ကလေးငယ်များ သတိပြုရန်၊ အုပ်ထိန်းသူများနှင့် မိဘများ သတိပြုရန်အချက်များ၊ မုဒိမ်းမှုများအတွက် ပြစ်ဒဏ်များစသည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မှုခင်းကျဆင်းရေးအတွက် ပြည်သူများကလည်း ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး မြို့ပေါ် ရပ်ကွက် ငါးခုမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စု ကိုးစုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သတင်းမီဒီယာအဖွဲ့အစည်းများ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ပြီး သက်ငယ်မုဒိမ်းမှုများအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

## တရားဝင်သတ်မှတ်စျေးနှုန်းများထက် မြင့်တက်နေဆဲ အောင်ဘာလေထီလက်မှတ်များ

၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်တွင် (၁၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ သိန်းထီ ဖွင့်လှစ်ရာတွင် ကျပ်သိန်းတစ်သောင်းဆု တစ်ဆု၊ ကျပ်သိန်းငါးထောင်နှင့် သိန်းသုံးထောင် နှစ်ဆုစီနှင့် ကျပ်သိန်းတစ်ထောင် ငါးဆုဖြင့် အထူးဆုကြီးစနစ်မှ အထူးဆု ၁၀ ဆု ပါဝင်သည့်အပြင် ဆုတစ်ဆုချင်းစနစ်တွင် ကျပ်သိန်း ၅၀၀ မှ ကျပ် ၁၀ သိန်းအတွင်း ဆုမဲပေါင်း ၇၂ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းမှ ကျပ်ငါးသောင်းအတွင်း ဆုမဲပေါင်း ၁၂၄၁၀၀ ဆု ပါဝင်သည်။

(၁၆)ကြိမ်မြောက် ထီလက်မှတ်များကို ဇွန် ၁ ရက်မှ စတင်ရောင်းချရာတွင် အက္ခရာ ၄၅ လုံးပါဝင်ပြီး ထီလက်မှတ်စောင်ရေ ၁၁ စောင်စီ ပါဝင်သော ထီစာအုပ်ပေါင်း ၃၆၀၀၀၀ အုပ်၊ ထီလက်မှတ် ၄၀၄၉၉၉၀ စောင်ကို အောင်ဘာလေ သိန်းဆုဌာနခွဲမှ ရောင်းချနိုင်ခဲ့သည်။ ထီလက်မှတ်ရောင်းရငွေမှာ ကျပ် ၁၉၄၀၉ ဒသမ ၀၅ သန်းဖြစ်ရာ ယင်းရောင်းချရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၁၀၄၅ ဒသမ ၄၃ သန်းကို ဆုပေါင်း ၁၂၄၁၈၂ ဆု ဖွင့်လှစ်ပေးမည်ဟု သက်ဆိုင်ရာက ဇွန် ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် အများပြည်သူသိရှိရန် အသိပေးခဲ့သည်။

**မြင့်တက်နေဆဲ ထီလက်မှတ်စျေးနှုန်းများ**

၂၀၁၇ ခုနှစ်က နှစ်ကုန်ပိုင်း လအချို့တွင် ထီစာအုပ်များကို သက်ဆိုင်ရာက ရောင်းချပေးရာတွင် မရောင်းရသည့် ထီစာအုပ်လက်ကျန်များရှိခဲ့၍ ထီအက္ခရာ အလုံးရေ ၄၅ လုံးသာ ထုတ်ဝေရောင်းချခဲ့ရာ အကုန်ရောင်းချနိုင်ခဲ့သည်ဟု သိရသည်။ သက်ဆိုင်ရာအနေဖြင့် စောင်ရေ ၁၁ စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ထီလက်မှတ်ဝယ်ယူခွင့်ရရှိသူများအား ရောင်းချပေး၍ ထီတစ်စောင် အရင်းစျေးနှုန်းမှာ ၄၅၅ ကျပ်သာ ကျသင့်ပြီး ပြန်လည်ရောင်းချရာတွင် ကျပ် ၅၀၀ ထက်ပိုမရောင်းချရန် စည်းကမ်းချက် ထုတ်ပြန်ထားသည်ဟုသိရသည်။

စျေးကွက်အတွင်း ထီလက်မှတ် ရောင်းစျေးနှုန်းများမှာမူ နိုင်ငံတော် တရားဝင်သတ်မှတ်နှုန်းဖြစ်သော ကျပ်ငါးရာထက်ပို၍ မြင့်တက်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။ မိုးတွင်းကာလ ထီရောင်းချရမှုနည်းသည့် အချိန်များတွင်ပင် ရန်ကုန်မြို့၌ ထီလက်မှတ်စျေးနှုန်းမှာ တစ်စောင်လျှင် ကျပ် ၆၅၀၊ ကျပ် ၇၀၀ နှုန်း ရှိနေခဲ့သည်။

ကျပ် ၅၀၀ တန်ထီ စတင်ရောင်းချချိန်က ရန်ကုန်မြို့လယ် လမ်းမတော်မြို့နယ်အတွင်း ထီဆိုင်အချို့တွင် ထီတစ်စောင် ကျပ် ၅၀၀ နှုန်းဖြင့် စာကပ်ရောင်းချသည်ကို တွေ့ရသော်လည်း နောက်ပိုင်းတွင် စျေးနှုန်းမဖော်ပြတော့ဘဲ ရောင်းချနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ ၂၀၁၈ နှစ်ဆန်းပိုင်းအထိ ကျပ် ၅၀၀ ဟု စာကပ်ရောင်းချခဲ့သော လမ်းဘေးဆိုင်များတွင်လည်း နောက်ပိုင်းတွင် ကျပ် ၅၅၀ ဟု ပြောင်းလဲ၍ ရောင်းချခဲ့သည်ကို မြင်တွေ့ရပြီးနောက် ယခု (၁၆)ကြိမ်မြောက်တွင် ကျပ် ၆၀၀ ဟု စာပြောင်းကပ်၍ ရောင်းချနေသည်ကို တွေ့ရသည်။ ပြည်တွင်းထီလောကရှိ နာမည်ကြီးဆိုင်များမှာမူ ထီလက်မှတ်ရောင်းစျေးနှုန်းကို ဖော်ပြထားခြင်းမျိုးမရှိဘဲ မေးမှသာ ရောင်းစျေးနှုန်းသိရသည့် ပုံစံဖြင့် ရောင်းချကာ ထီတစ်စောင်ချင်း ကျပ် ၆၅၀ နှုန်းမှစ၍ ၁၀ စောင်တွဲအချို့မှာ ကျပ် ၇၀၀၀ နှုန်းအထိ ရှိသည်ဟု သိရသည်။

**အရေးယူမှု အားနည်းခြင်း**

ထီထိုးသူအများစုအနေဖြင့် ထီတစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဝယ်ယူခွင့်မရဘဲ ကျပ် ၆၀၀ မှ ၇၀၀ အထိပေး၍ ဝယ်ယူကံစမ်းနေရခြင်းကို မီဒီယာများတွင် ဖော်ပြမှုများရှိနေသော်လည်း အရေးယူမှုတွင် အားနည်းနေဆဲဖြစ်သည်။ လက်ရှိအခြေအနေအရ ထီလက်မှတ်စျေးနှုန်းများ စျေးမြှင့်ရောင်းချနေခြင်းကို တရားဝင်ခွင့်ပြုထားသည့်အသွင်ဆောင်နေသည်ဟုပင် ထီဝါသနာရှင်အချို့က ပြောဆိုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ထီလက်မှတ်တစ်စောင် နှစ်ကျပ်နှုန်းဖြင့် နှစ်ပေါင်းများစွာ ရောင်းချခဲ့သည့်ကာလတွင် ထီလက်မှတ်စျေးနှုန်းကို မြှင့်တင်ရောင်းချခြင်း မရှိခဲ့ဘဲ ထီထိုးသူများမှာ သတ်မှတ်စျေးအတိုင်း ကံစမ်းနိုင်ခဲ့သည်။ ထီလက်မှတ်တစ်စောင် ကျပ် ၂၀၀ နှုန်း စတင်ရောင်းချချိန်မှစ၍ ထီထိုးသူများအနေဖြင့် ထီတစ်စောင်လျှင် ကျပ် ၃၀၀၊ ၃၅၀ စသည်ဖြင့် စျေးမြှင့်ကံစမ်းခဲ့ကြရပြီး ၂၀၁၇ မတ်လအတွင်းမှ စတင်ရောင်းချသော ကျပ် ၅၀၀ တန် ထီများကိုလည်း သတ်မှတ်စျေးထက်ပိုပြီး ဝယ်ယူကံစမ်းနေရဆဲဖြစ်သည်။

**သတ်မှတ်စျေးအတိုင်း ကံစမ်းခွင့်ရစေရန်**

ထပ်မံပြောင်းလဲဖွင့်လှစ်ပေးရန် စီစဉ်နေသည့် ကျပ် ၁၀၀၀ တန် ထီလက်မှတ်များတွင်လည်း စျေးနှုန်းများ ပို၍မြင့်တက်မည်ကို ထီထိုးသူများအနေဖြင့် စိုးရိမ်နေကြပြီး သတ်မှတ်စျေးနှုန်း ကျပ် ၁၀၀၀ ဖြင့်သာ ဝယ်ယူကံစမ်းနိုင်ခွင့်ရအောင် တာဝန်ရှိသူများက အလေးပေး ဆောင်ရွက်ပေးစေလိုသည်ဟု လစဉ်ထီထိုးနေသူ ထီဝါသနာရှင်တစ်ဦးက ပြောသည်။

ကျပ် ၅၀၀ တန်ထီတွင် အပတ်စဉ် ကျပ်သိန်းတစ်သောင်းဆုရှင် တစ်ဦး ထွက်ပေါ်နေရာ တစ်နှစ်လျှင် မြန်မာပြည်တွင်း ထီဝါသနာရှင်များအတွင်းမှ ကျပ်ဘီလျံချီ ရရှိသူ ၁၂ ဦး တိုးပွားလာသည်ဟု ဆိုနိုင်သည်။ ထို့အတူ ထီဆိုင်ကြီးများသည်လည်း အပတ်စဉ် ထီထိုးသူပေါင်း သန်းဂဏန်း အရေအတွက်ထံမှ ထီလက်မှတ်ဖိုး ကျပ်သန်းပေါင်းများစွာတို့ကို အကျိုးအမြတ် ရယူနေကြသည်ဟုလည်း ဆိုနိုင်မည်ဖြစ်သည်။ ကျပ် ၅၀၀ တန်အောင်ဘာလေထီ လက်မှတ်တစ်စောင်အပေါ်တွင် အကျိုးအမြတ် ကိုးရာခိုင်နှုန်းဖြစ်သည့် ၄၅ ကျပ်ကို ထီဆိုင်များအတွက် သက်ဆိုင်ရာဌာနက ပေးထားပြီးဖြစ်သော်လည်း ထီဆိုင်များက သတ်မှတ်စျေးနှုန်းထက် မြှင့်တင်နေခြင်းဖြင့် ထီထိုးသူများထံမှပါ အကျိုးအမြတ်ကို ထပ်မံရယူနေကြဆဲဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူအများ လစဉ်ကံစမ်းအားပေးနေသော အောင်ဘာလေ ထီလက်မှတ်များကို သတ်မှတ်စျေးဖြင့်သာ အမှန်တကယ် ဝယ်ယူကံစမ်းခွင့်ရရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးထား စီစဉ်ပေးပါလျှင် ထီထိုးသူများအနေဖြင့် ထီလက်မှတ်စောင်ရေပို၍ရရှိကာ ပို၍ ကံစမ်းခွင့်ရလာမည်ဟု ထီထိုးသူများက အကြံပြု ပြောကြားလျက်ရှိသည်။

**သတင်းဆောင်းပါး-ခင်ဆိုင်**




## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP - CATALOGUING IN PUBLICATION) ရေးသားနည်းသင်တန်း

မြန်မာနိုင်ငံတွင် ထုတ်ဝေနေသော စာအုပ်များတွင် ထည့်သွင်းဖော်ပြရမည့် ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP - CATALOGUING IN PUBLICATION) ထည့်သွင်းဖော်ပြရာတွင် တိကျမှန်ကန်မှု ရှိစေရန်အတွက် "CIP ရေးသားနည်းသင်တန်း" ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများ အသင်း၏ အသင်းသူ၊ အသင်းသားများ၊ အခြားထုတ်ဝေသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ပါသည်။

| | | |
|---|---|---|
| သင်တန်းရက် | – | ၆–၇–၂၀၁၈ (သောကြာနေ့) |
| သင်တန်းချိန် | – | နေ့လယ် (၁) နာရီမှ (၅) နာရီ |
| သင်တန်းနေရာ | – | စာပေဗိမာန်အစည်းအဝေးခန်းမ (ဒုတိယထပ်) |
| သင်တန်းကြေး | – | MPBA အသင်းသားများအခမဲ့<br>အသင်းသားမဟုတ်သူများ–<br>သင်တန်းကြေး–၅၀၀၀/–ကျပ် ပေးသွင်းရမည်။ |

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများ အသင်း ရုံးအဖွဲ့မှူး ၀၉–၃၀၀၀၂၃၁၁ သို့ ကြိုတင် စာရင်းပေးသွင်းကြပါရန် နှိုးဆော်အကြောင်းကြားပါသည်။

## ရွှေမှုန်းဖြူ



၁၉၃၃ – ခုနှစ်တည်ထောင်သည်
နေမကောင်းလျှင်
ရွှေမှုန်းဖြူ
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် – တဆဝက(စာနယ်ဇင်း)၀၁၆/၀၃၁၂
ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-002348(1019)
အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်းနှင့် တုပ်ကွေးရောဂါများကို ပျောက်ကင်းစေပါသည်။
ဖြန့်ချိရေး – အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄၊ ၀၉–၈၅၉၈၄၅၃

## COLD STORE WAREHOUSE SERVICE

အအေးခန်းဝန်ဆောင်မှုလုပ်ငန်း

– ငါး၊ ပုစွန်၊ ငါးခြောက်၊ ပုစွန်ခြောက်များနှင့် အခြားကုန်ပစ္စည်းများအား အအေးခန်းတွင် သိုလှောင်လိုသူများအတွက် HACCP, BRC လက်မှတ်ရရှိထားသော အအေးခန်းစက်ရုံမှ COLD STORE WAREHOUSE SERVICE များဝန်ဆောင်မှုပေးလျက်ရှိပါသည်။

– အအေးခန်းသိုလှောင်မှုဝန်ဆောင်ခအဖြစ် (1Kg) အတွက် တစ်ရက်လျှင် (၁ကျပ်ပြား၅၀)နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ အခန်းပြတ် ငှားရမ်းလိုသူများအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

– ငါး၊ ပုစွန်ပြုပြင်အေးခဲပြီး (Export) ဆောင်ရွက်လိုသူများအတွက် အေးခဲခြင်း (Freezing) ဝန်ဆောင်မှုများနှင့် အေးခဲပြီး ငါး၊ ပုစွန်များ သယ်ယူပို့ဆောင်ခြင်းအတွက် အအေးခန်းကားများ ငှားရမ်းပေးခြင်း၊ (Export) တင်ခြင်း၊ ဝန်ဆောင်မှုများကို (One Stop Service) ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် - Ph : 01-3685331 ,01-3685780, 01-3685320
- Hp: 09-5014727

လိပ်စာ - ရွှေယမုံအအေးခန်းစက်ရုံ
အမှတ်(174-B) ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာ၊ စက်မှုဇုံ(4)လမ်း၊ ရန်ကုန်မြို့။

## CAREER CORE INSTITUTE

SQA Approved Centre
Scottish Qualifications Authority
SQA Centre No: 3022870



### တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

*UK, Canada, Scotland, USA, Australia, New Zealand* နှင့် အခြားသော ကမ္ဘာ့ထိပ်သီး နိုင်ငံများရှိ *University* များတွင် *Bachelor Degree* ရယူနိုင်သည့် *Scottish Qualifications Authority (SQA)* မှ ပေးအပ်သော *Advanced Diploma (HND)* သင်တန်းများကို Career Core Institute တွင် ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။

### တက်ရောက်နိုင်သော ဘာသာရပ်များ

- Civil Engineering
- Electronic Engineering
- Business
- Quantity Surveying
- Computer Aided Architectural Design & Technology

"နယ်မှကျောင်းသားများအတွက် အဆောင် စီစဉ်ပေးပါသည်။"

**4th JULY သင်တန်းစမည်**

**ENROLL NOW**

(+95)9-450-33-5500, (+95)9-770- 33-5500
No.28, Aung Zay Ya Street, Kyauk Kone, Yankin Township, Yangon, Myanmar.
office@cci-edu.com | facebook.com/CareerCoreInstitute | www.cci-edu.com

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ အကွက်အမှတ် ၁၀/ခါးရိုးရပ်၊ ဦးပိုင် ၂၃/၄၉၇၊ မြေဧရိယာ ၀ ဒသမ ၂၁၉ ဧကရှိ အမှုတွဲအမှတ် ၄၂၀–၅/၁၉၉၄–၁၉၉၅ (အေ)ဖြင့် ဒေါ်အောင်မှ အမည်ပေါက်ပြီး ၁၂–၉–၂၀၁၆ ရက်တွင် သမီးဖြစ်သူ ဒေါ်စန်းစန်းရီ ၁၃/လရန(နိုင်)၀၁၆၄၄၇ သို့ မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်အမှတ် ၉၄I/၂၀၁၇ဖြင့် ပေးကမ်းထားပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကျန်မောင်နှမဖြစ်သူ ဦးထွန်းလှိုင်နှင့် ဒေါ်လှလှဝင်းတို့မှ သဘောတူညီကြောင်း ထွက်ဆိုချက်ရယူနိုင်ရန် ဆက်သွယ်ခဲ့ရာ ဦးထွန်းလှိုင်တစ်ဦးသာ လာရောက်ခဲ့ပြီး ဒေါ်လှလှဝင်းမှ ယနေ့ထိ ဆက်သွယ်မှုမရရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ဒေါ်လှလှဝင်းနှင့်တကွ ကန့်ကွက်ရန်ရှိသူများမှ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5225 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ နယ်မြေ ၉၊ အကွက်အမှတ် ၂၅/လုံလော့ရပ်၊ ဦးပိုင် ၅၅၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိမြေအား အမှုတွဲအမှတ် ၁၆၇–၅/၁၉၉၈–၁၉၉၉(စီ)ဖြင့် ဒေါ်နားကာမှ အမည်ပေါက်ပိုင်ဆိုင်ထားရာ ၂၀–၁၂–၂၀၁၆ ရက်တွင် ၎င်းမှ ဦးသူရမောင်မောင်သို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် RD-No/၂၀၈ဖြင့် လွှဲအပ်ထားပြီး ဦးသူရမောင်မောင်မှ ၂၄–၁၀–၂၀၁၇ ရက်တွင် ဒေါ်အားရှန်ကော် (ခ) တင်တင်ညိုသို့ အရောင်းအဝယ်စာချုပ်အမှတ် ၆၇ I/၂၀၁၈ ဖြင့် ရောင်းချထားပြီးဖြစ်ရာ ဒေါ်အားရှန်ကော်(ခ)တင်တင်ညို ၁၃/ဟပတ(နိုင်)၀၁၇၁၀၁ မှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းထပ်မံအသစ်လျှောက် မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/7418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**မိတ္ထီလာမြို့နယ်တရားရုံး**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်–၃၈**

| | | |
|---|---|---|
| တပ်ကြပ် ရဲမင်းထွန်း | နှင့် | ဒေါ်ခင်မာလာ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက် (၉၇)နေ ဒေါ်ခင်မာလာ (ယခုနေရပ်လိပ်စာမသိသူ)သို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအရာမှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်နှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်လင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မူဆယ်မြို့နယ်တရားမရုံးတော်၌**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၃၈နှင့်ဆက်သွယ်သည့်**

**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်–၁**

| | | |
|---|---|---|
| ဒေါ်ခင်နွယ်နွယ်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးကျင်လှ) | နှင့် | ကိုမိုးကျော် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ (၈) ရပ်ကွက်၊ အခန်းအမှတ် (B-3) အမှတ်(၃၁၇)နေ ကိုမိုးကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၃၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်နွယ်နွယ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျင်လှ) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၁း၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၈ ခုနှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်သက်လွင်)**
**မြို့နယ်တရားသူကြီး**
**မူဆယ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉–B)၊ သမာဓိ (၂)လမ်း၊ မြေကွက်အမှတ် (၄၈၅)၊ ဒေါ်နှင်းရီအမည်ပေါက် နှစ် ၉၀ဂရန်မြေ၊ အကျယ်(အလျား ၄၀× အနံ ၆၀)ရှိသည့်အနက် တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်၏ ခေါင်းရင်းခြမ်း(အလျား၂၅×အနံ၆၀)မြေနှင့် ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဝန်ခံသူ ဦးဆန်းဝင်းထွန်း ၁၂/ဥကတ(နိုင်)၀၂၉၆၁၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မင်းအောင်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးဘိုဘိုထွန်း LL.B** | **ဦးပြည့်ဖြိုးသူ LL.B** |
| **ဦးရဲဇော်သိန်း LL.B** | **ဒေါ်ခင်ပုံ့ပုံ့နိုင် LL.B, DBL** |

**အထက်တန်းရှေ့နေများ**

**အမှတ် ၅၁၁၊ ငမိုးရိပ် (၅)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၇၉၉၁၄၆၈၆၃၊ ၀၉–၉၅၀၆၇၈၀၁၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/2777 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/3947 Honda Civic FD3 S/L(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းမြင့်ဝေ ၉/စကတ(နိုင်)၈၈၆၃၈၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/8456 Toyota Mark II S/L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်သန်း ၁၂/မဂဒ(နိုင်)၀၉၆၇၀၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၅ယ/၄၁၁၄၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၁၄/အဂပ(နိုင်)၁၂၅၅၉၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## အရာခံဗိုလ်ချစ်မောင်(ငြိမ်း) အသက်(၈၇)နှစ်

**BOY ARMY (B.36310)**

**မြန်မာ့လက်ရွေးစင်ဟောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နည်းပြ(လက်ဝှေ့)**
**တပ်မတော်စစ်ခွေးလေ့ကျင့်ရေးကျောင်းနည်းပြမှူး(ပြင်ဦးလွင်)**
**ပတ္တမြားမြို့သစ်(ရယကဥက္ကဋ္ဌဟောင်း)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ စိန်သပြေလမ်း၊ အမှတ် ၉/၁၂၂နေ [ဒေါ်စိန်တင့်(ခ)ဒေါ်နှင်း]၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့နေ ဒေါ်ကြူကြူ၏ အစ်ကို၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ ဦးသန်း-ဒေါ်ခင်စိန်၊ ပတ္တမြား မြို့သစ်၊ မြမွှာရုံလမ်းနေ ဗိုလ်ကြီးတင်မြ(ငြိမ်း)-ဒေါ်ဝင်းဝင်းကြည်၊ နေပြည် တော် ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ ရဲမှူးတင်ယု-ဒေါ်ကြည်ကြည်ခိုင်၊ (ဦးအေး သွင်)-ဒေါ်နှင်းနှင်းအေး၊ တိုက်ကြီးမြို့နေ ဦးတင့်ဇင်(RCBT Co.,Ltd.)-ဒေါ် ယဉ်ယဉ်ဆွေ၊ ဒုအရာခံဗိုလ်ကျော်ကျော်ဦး-ဒေါ်သက်သက်အေး၊ ဒေါ်မိုးမိုးအေး (ရန်ကုန်မြို့တော်စည်ပင်)၊ ဒေါ်မော်မော်အေး (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ဖခင်၊ မြေး ၂၂ယောက်၊ မြစ် ၂၇ယောက်တို့၏အဘိုး သည် ၃၀-၆-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၇-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီ အထိ အမှတ် ၉/၁၂၁၊ စိန်သပြေလမ်း၊ ပတ္တမြားမြို့သစ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းဝေ

**(ဆေးရုံအုပ်ကြီး၊ ငြိမ်း)**
**အသက်(၇၉)နှစ်**

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ပွဲစားတန်းလမ်း၊ ရွှေမြင့်မိုရ်တိုက်နေ ဒေါ်နှင်းနှင်းဝေ၏ဖခင် ဒေါက်တာသန်းဝေ(ဆေးရုံအုပ်ကြီး၊ ငြိမ်း)သည် ၂၉-၆-၂၀၁၈ရက် ညနေပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**Dip-DS (5th Batch)**

## ဦးမောင်မောင်ဇင်

**ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး**
**အသက်(၅၈)နှစ်**

ထားဝယ်မြို့၊ ဗျောတောဝရပ်ကွက်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးဝင်းနေ ဒေါ်နီလာမြင့်၏ခင်ပွန်း၊ မခိုင်နီလာဇင်၊ မောင်အောင်မောင်မောင် ဇင်၊ မောင်ခန့်မောင်မောင်ဇင်တို့၏ဖခင်သည် ၂၉-၆-၂၀၁၈ရက် နံနက် ၇နာရီ တွင် ထားဝယ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာဘာသာပေါင်းစုံသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်ဇင် အသက်(၅၈)နှစ်

**ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး**

ထားဝယ်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းနေ ဒေါ်နီလာမြင့်၏ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်ဇင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် (၂၉. ၆. ၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြင့်မြတ်ကျော်ဂရုအော့ဖ်ကုမ္ပဏီလီမိတက်
MD,ဒါရိုက်တာနှင့် ဝန်ထမ်းများ

## ခရစ်တော်၌အိပ်ပျော်ခြင်း

**Rev.Thang Suan Mang @ Mangno (Haungung Beh)**
**B.Th; M.A; M.Div**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စံပယ်လမ်းသွယ်နေ (Col. H.Kam Pum Retd)-ဒေါ်သီတာ(ခ) Pi Thuam Uap (ခေတ္တ - Australia) တို့၏သား၊ ဒေါ်စုစုရီ(ခ)Nu Hau Khan Man [အလက(၃)ထခွဲ၊ ရွှေပြည်သာ]- Pa Thawng Khan Mung တို့၏မောင်၊ဒေါ်စုစုအေး(ခ)Nu Dim Lun Cing- ဦးစောဆေးဟဲ(ခေတ္တ - Australia)၊ ဒေါ်ကေသီ(ခ) Nu Kim Tul Cing-Pa Go Khan Kang(ခေတ္တ - Australia)၊ (Lia Thang Suan Huai)တို့၏အစ်ကို၊ ဒေါ်ခင်လေးမွန်(ခ) Nu Cing Lam Do Niang [ဘဏ်ခွဲတာဝန်ခံ၊ မြန်မာ့ ရှေ့ဆောင်ဘဏ်၊ ကမာရွတ်(၂)ဘဏ်ခွဲ]၏ ချစ်လှစွာသောခင်ပွန်း၊ Lia Uap Sian Hon Siam (တက္ကသိုလ်ဝင်တန်း၊ ကောင်းစုစံကိုယ်ပိုင်အထက်တန်း ကျောင်း၊ ရွှေပြည်သာ) Tg. Pum Sian Lian Sang တက္ကသိုလ်ဝင်တန်း၊ ကောင်းစုစံကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေပြည်သာ)တို့၏ ချစ်လှစွာသော ဖခင်သည် ၂၉-၆-၂၀၁၈ရက် (သောကြာနေ့)တွင် မြဝတီမြို့၌ ခရစ်တော်၌အိပ် ပျော်သွားပါသဖြင့် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီးသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့်မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။ (Grace AG ဘုရားကျောင်းရှေ့၊ ကြို့ကုန်းဘုရားကျောင်း ရှေ့၊ ဧမာနွေလဘုရားကျောင်းရှေ့၊ ယုဇနပိတောက်ကွေ့တို့မှ နံနက် ၉း၃၀နာရီ နှင့် နေအိမ်မှ နံနက် ၁၀နာရီကားများထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက်

**(A.G.T.I)**
**(The One Entertainment Group of Co.,Ltd.) (Director)**
**အသက်(၄၂)နှစ်**

ဦးသန်းထွဋ်လွင်-ဒေါ်ခင်ခင်ကျော်၊ ဦးမျိုးမင်းထွန်း-ဒေါ်ဇင်နွယ်ဝေ၊ ဦးအောင်ဖြိုးဝေ-ဒေါ်စုစုဟန်တို့၏အစ်ကိုကြီး၊ ဒေါ်နန်းခင်ရီရီအေး(KBZ Bank Ltd.ရုံးချုပ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်ရဲရင့်(ခ) Roymond (ISM Grade-8)၊ မပန်ဆုပြည့်(ခ)Patricia May (ISM Grade-3)တို့၏ ချစ်လှ စွာသောဖခင် ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက်သည် ၂၈-၆-၂၀၁၈ရက် (ကြာသ ပတေးနေ့)ည ၁၁း၄၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကနှင့် ဒါရိုက်တာအဖွဲ့**
**KBZ Group/ KBZ Bank**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်ခင်မြင့်

**အသက်(၉၃)နှစ်**

ရမည်းသင်းမြို့၊ ကျော်ဇင်ရပ်ကွက်နေ (ဦးညီငယ်-ဒေါ်စိန်မယ်) တို့၏သမီး၊ (ဒေါ်တင်)၊ (ဒေါ်အေးကြည်) ငွေရတနာအောင်ရွှေဆိုင်၊ (ဦးလှဒင်)၊ ဦးသာဒွန်(ဒေါ်ခင်ငြိမ်း)တို့၏ညီမ၊ (ဒေါ်တင်အေး)၏အစ်မ၊ ဦးလှမြင့်၊ ဦးမျိုးသန့်၊ ဦးမျိုးသိန်း၊ ဒေါ်မြင့်မြင့်ထွန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ချိုထွေး၊ ဒေါ်ချိုပြုံး၊ (ဦးဇော်မင်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃၀-၆-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် မြို့မအနောက်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သန်း (ဘိုကလေး)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၇၇နေ (ဦးမောင်စိန်-ဒေါ်သန်းမေ)တို့၏သမီး၊ ဦးကန့်-ဒေါ်ရင်မတို့၏ ချွေးမ၊ ဦးမိုက်ကယ်-ဒေါ်ခင်သန်းဝင်း(U.S.A)၊ ဦးဝင်းစိုး-ဒေါ်ဝါဝါ ထွန်း၊ (ဦးဝင်းအောင်)-ဒေါ်ရီရီစိန်၊ ဦးဝင်းခိုင်-ဒေါ်မို့မို့ရှိန်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၆-၂၀၁၈ရက် နံနက် ၃း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းရီ (လဝက၊ ငြိမ်း)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပုဂံစက်လမ်း၊ အမှတ် ၆၁/၈၉နေ(ဦးညွန့်ဦး-ဒေါ်လှတင်)တို့၏သမီး၊(ဦးခင်မောင်ငြိမ်း)၏ဇနီး၊ ဦးဇော် လင်း-ဒေါ်သွင်သွင်ငြိမ်း(ဦးစီးအရာရှိ၊ လဝက)၊ ဦးကျော်သူရ(ခေတ္တ-စင်ကာ ပူ)-ဒေါ်ခင်မော်ဝါ(နန်းမဟာဆေးခန်း)၊ ဦးနိုင်ဝေ(ရွှေလိပ်ပြာဟိုတယ်)-ဒေါ်ခင် ဘုန်းနွယ်၊ ဦးအောင်သင်း-ဒေါ်ခင်သန္တာအေး၊ ဦးသန့်နိုင်(ဆွေမွန်ဆေးခန်း)- ဒေါ်ခင်မာချို (လ/ထညွှန်မှူး၊ အလုပ်သမားဦးစီး)၊ ဦးသန့်နောင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၉-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသာလှ

**အသက်(၇၃)နှစ်**

စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ ဦးဇော်လင်းအောင်-ဒေါ် ခင်သန်းဝေ၊ ဦးသန်းမြင့်-ဒေါ်ခင်စောနွဲ့၊ ဦးလှမြိုင်-ဒေါ်ခင်စောမြိုင်၊ ဦးကျော် သန်းစိုး-ဒေါ်ယဉ်ယဉ်ဖြူတို့၏ဖခင်၊ ဒေါ်ဦးမေ၏ချစ်လှစွာသောခင်ပွန်းသည် အာရှတော်ဝင်ဆေးရုံ၌ ၃၀-၆-၂၀၁၈ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း (အလယ်ဘလောက်)၊ အမှတ် ၇၆ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက် ခွာပါမည်။] ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါက်တာထွန်းချို

**ပါမောက္ခ(ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ပြည်တက္ကသိုလ်**
**အသက်(၅၈)နှစ်**

ပြည်မြို့၊ ဆင်စုရပ်၊ တာရီးလမ်းနေ (ဦးအေးချို-ဒေါ်စော)တို့၏သား၊ ဒေါ်ချိုနွဲ့အေး(ကထိက၊ ဓာတုဗေဒဌာန၊ ပြည်တက္ကသိုလ်)၏ခင်ပွန်း၊ ဒေါက်တာ မေချိုထွန်း၊ ဦးစိုးသူလွင်-ဒေါ်အေးမြချိုထွန်း၊ မသဉ္ဇာချိုထွန်း(Final Part 2 UM-2)တို့၏ဖခင်၊ မောင်မိုးစက်လွင်၏အဘိုးသည် ၃၀-၆-၂၀၁၈ရက် (စနေ နေ့) နံနက် ၁း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၆-၂၀၁၈ရက် ညနေ ၅း၁၅နာရီတွင် အေးငြိမ်းရာ ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်း တို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းယဉ် (သာစည်)

**အသက်(၈၀)**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ်(၁) သာယာအေးရပ်ကွက်နေ (ဦးသန်းစိန်၊ မြို့နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ ဦးခင်မောင်သန်း - ဒေါ်ကျင်စိန်မြင့်၊ ပျဉ်းမနားမြို့နေ၊ ဦးမြင့်ကြိုင်သန်း (ဓာတ်မှန်)-ဒေါ်စန်းစန်းနွဲ့၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဦးမြင့်နိုင်သန်း (ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ)-ဒေါ်ခင်စန်းရီ၊ လှိုင်ကော်မြို့နေ (ဦးမြင့်ခိုင်သန်း)-ဒေါ်ခင်ထွေးရီ၊ တောင်ငူမြို့နေ (ဦးအောင်နိုင်သန်း)- ဒေါ်သူဇာမိုး (မိုးလေဝသနှင့်ဇလဗေဒ)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ ဦးမင်းဇော်သန်း - ဒေါ်သန္တာအောင်၊ သာစည်မြို့နယ်နေ (ဦးဗိုလ်လင်း)-ဒေါ် အေးအေးငယ်တို့၏မိခင်သည် ၂၉-၆-၂၀၁၈ရက် ည ၁၀း၄၇နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သာစည်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်မြင့်(ခ)

## ကိုဟုတ် (ငါးသိုင်းချောင်း)

**အသက်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေ ကြီး (ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ၊ အခန်း (၁/၄၀၁)နေ (ဦးတင်နား - ဒေါ်ကျင်ရှိန်)တို့၏သား၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ ဒေါ်ခင် ဆန်းမြင့်၏မောင်၊ ဦးစိုးဝင်း၏အစ်ကို၊ ကိုဇော်ကိုအောင်-မနန်းနန်း၊ မအိအိခိုင်၊ ကိုစိုးပြည့်ဖြိုး-မရွှေရည်ဝင်းတို့၏ဖခင်၊ မောင်ကောင်းခန့်ကိုကို၊ မောင်ထွဋ်လင်း ကိုကိုတို့၏အဘိုးသည် ၃၀-၆-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီ တွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူ အား ရည်စူး၍ ၆-၇-၂၀၁၈ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးယင်ခဲကြီး(ခ)ဦးဒေးဗစ်

**အသက်(၈၆)နှစ်**

ရှမ်းပြည်နယ်၊ နမ့်စန်(တ)မြို့၊ ပြည် ထောင်စုလမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၂/၃၃၈နေ (ဦးယမ်ကွမ်းယီ-ဒေါ်ဝမ် ရှောင်မြင်)တို့၏သား၊ (ဒေါ်အေးရွှေ)၏ ခင်ပွန်း၊ ထိုင်ဝမ်နိုင်ငံ၊ တိုင်ပေမြို့နေ ဒေါ်နှင်းဆီ၊ ဒေါ်နှင်းနွယ်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ ဦးသန်းထွေး(မုဒိတာ ၂၄နာရီ အထူးကု ဆေးခန်း)-ဒေါက်တာဒေါ်နုနုခင်(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဗဟိုငှက်ဖျား ရောဂါတိုက်ဖျက်ရေးဌာန၊ နေပြည် တော်)၊ နမ့်စန်မြို့နေ ဦးဝင်းဇော်-ဒေါ် ဖြူဖြူ၊ (ဦးဝင်းလတ်)-ဒေါ်စုစုကြည် (ဝင်းမေတ္တာ လျှပ်စစ်ပစ္စည်းဆိုင်)၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက် နေ ဦးဝင်းမြင့်-ဒေါ်နန်းခမ်းခေါင်တို့၏ ဖခင်၊မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကိုးကန့်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးကျော်

**(ကြို့ပင်ကောက်မြို့နယ်အသင်း)**
**လ/ထမန်နေဂျာ**
**(မြန်မာ့မီးရထား၊ ငြိမ်း)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊(၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ် ၂၇၆နေ ဒေါ်ခင်အုန်း၏ခင်ပွန်း၊ (ဦးအုန်းကျော်ဦး)၊ ဒေါ်အေးအေးမော် (ရွှေမင်္ဂလာ အထည်ချုပ်စက်ရုံ)၊ ဦးစိုး မိုးကျော်-ဒေါ်ဝင်းဝင်းမော်၊ ဦးဘုန်းမြင့် ကျော်(TIA/KLAW၊မြန်မာ့မီးရထား)- ဒေါ်တင်မိုးဝေ၊ (ဦးသန့်ဇင်ကျော်)တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၀-၆-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**
**မွှာရုံ ဒါယိကာမကြီး**

## ဒေါ်လှလှ

**(T.C 9 CB Bank) (ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊၁၅၇လမ်း၊ အမှတ် ၂၁နေ (ဦးထွန်းတင်-ဒေါ်ထွေး) တို့၏သမီး၊ (ဦးမောင်ကလေး-ဒေါ်ငွေ ဆင်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ချို (MEIC လ/ထမန်နေဂျာ၊ငြိမ်း)၊ငါးထပ် ကြီးအနောက်ရပ်ကွက်၊ ကောင်စီဥက္ကဋ္ဌ (ငြိမ်း)၏ဇနီး၊ (ဦးအောင်လွင်ဦး)-ဒေါ် ခိုင်လေးချို၊ ဒေါ်ပပချို (D2 အထည် ဆိုင်)၊မအိအိချို(ဒု-မန်နေဂျာ၊CB-Bank ဘုရင့်နောင်)၊ (ဦးဝင်းကြည်)-ဒေါ်နုနု၊ ဦးဇော်မြင့် - (ဒေါ်သောင်းသောင်းရီ) တို့၏အစ်မ၊ မောင်နေလင်းဦး-မသိမ့်ဦး ခိုင်(CB-Bank-မင်္ဂလာဈေး)၊ မအိမ့်ဦး ခိုင်တို့၏အဘွားသည် ၃၀-၆-၂၀၁၈ ရက်(စနေနေ့) နံနက် ဝဝး၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

## ဦးဘိုစိန် အသက်(၈၄)နှစ်

**(ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ပန်းဇံကွင်းအုပ်စု၊ ညောင်ပင်ကြီးစုရွာ)**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ပန်စုဇံကွင်းအုပ်စု၊ ညောင်ပင် ကြီးကျေးရွာနေ(ဦးထွန်းမောင်-ဒေါ်မယ်စု)တို့၏သား၊(ဒေါ်စောသိန်း)၏ခင်ပွန်း၊ ဦးသာစိုး-ဒေါ်အုန်းရှင်၊ ဦးလှထွန်းကျော်-နော်အယ်ထူး၊ ဦးမြင့်အောင်-ဒေါ်ကျင် လှ၊ ဦးစောထွန်းဝေ-ဒေါ်မြင့်မြင့်အေး (Delight Engineering Co.,Ltd- Delight Piling Co.,Ltd-KGS Myanmar Co.,Ltd)၊ (မခင်သိန်း)၊(မခင်လှ)၊ ဦးခင်ရွှေ-နော်အယ်စေး၊ ဦးသိန်းဇော်ဝင်း-ဒေါ်စန်းယုမေ၊ဦးညီညီ-ဒေါ်ထွေးရင် တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၉-၆-၂၀၁၈ ရက် ည ၁၁း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ညောင်ပင်ကြီးစုရွာ၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၇-၂၀၁၈ရက် ညောင်ပင်ကြီးစုနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**

## ဦးထွန်းအောင်

**မြို့နယ်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျ အိမ်ရာ၊ ရတနာသိဿလမ်း၊ တိုက် ၁၉၊ အခန်း ၂၀၅-၂၀၆နေ (ဦးမောင်ကြီး- ဒေါ်စော)တို့၏သား၊ (ဦးမောင်ရွှေ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဒေါ်နှင်း မြင့်(ခ)ဒေါ်တင်ဥ၏ချစ်လှစွာသောခင်ပွန်း၊ဦးကျော်မိုးအောင်(ရွှေစင်ခိုင်ဆောက် လုပ်ရေး)-ဒေါ်ခင်ချိုရီ၊ ဦးလှမိုးအောင်(AE, တံတားအထူးအဖွဲ့-၉)၊ ဒေါက်တာ အောင်ဇော်မိုး(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တောင်တွင်းကြီး)-ဒေါ်စန္ဒာ မောင်မောင်၊ ဦးအောင်ဝင်းခိုင်(E/E Norstar Shipping Co.Ltd)-ဒေါ်ခိုင်နှင်း အောင်(ကထိက၊ ရူပဗေဒဌာန၊ ဆေး-၁)၊ ဦးမီကျီအောင်(Acting RSM-Sales Express Ltd)-ဒေါ်မြင့်မြင့်မိုး(ကထိက၊ သုတသိပ္ပံဌာန၊ ဘားအံကွန်ပျူတာ တက္ကသိုလ်)၏ ချစ်လှစွာသောဖခင်၊ မယွန်းနေခြည်ကျော်(A.S. AYA Bank, ရန်ကင်း)၊ မရည်မွန်အောင်(3rd BDS, UDM, Mdy)၊ မဇွန်ဆုဆုအောင်(1st Geol,Du)၊ မလင်းပြည့်ပြည့်အောင်၊ မောင်အောင်ပြည့်စုံမင်း၊ မောင်သာထူး ပြည့်စုံတို့၏အဘိုးသည် ၃၀-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီတွင် ပင်လုံ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် တောင်ဒဂုံမြို့နယ်၊ အောင်ဇေယျအိမ်ရာသို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာဦးသန်းဝေ

**ဆေးရုံအုပ်ကြီး(ငြိမ်း)၊ ၁၉၆၈ အောင်(ရွှေရတုဆရာဝန်)**
**အသက်(၈၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပွဲစားတန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ အမှတ် ၆၁နေ (ဦးသိန်း-ဒေါ်အိ)တို့၏သား၊ ဒေါ်မိုးဆွေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေဝင်း-ဒေါ်အေးမြင့်ကြည်၊ မနှင်းနှင်းဝေတို့၏ချစ်လှစွာသောဖခင်၊ မထက် ထက်အောင်၊ မောင်ဉာဏ်လင်းထက်၊ မကြည်သာထက်၊ မောင်ဘုန်းမြတ်ဇင်တို့၏ အဘိုးသည် ၂၉-၆-၂၀၁၈ရက်(သောကြာနေ့) ညနေ ၆း၄၅နာရီတွင် မန္တလေး မြို့ တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် ညနေ ၃နာရီ တွင် ဆားကျင်းမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး

**ရေလမ်းထိန်းသိမ်းရေးနှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ငြိမ်း)**
**အသက်(၇၅)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်နေ (ဦးယုယုန်-ဒေါ်ကင်အိမ်း) တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ ဇ/မြောက် ရပ်ကွက်၊ အမှတ် င ၂၄၄နေ ဒေါ်ကံကြည်၏ခင်ပွန်း၊ ဦးစိန်လင်း-ဒေါ်ဝင်း သီတာမြင့်၊ ဦးအောင်သူတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၉-၆- ၂၀၁၈ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇- ၂၀၁၈ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင်ထွက် ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မင်း

**ဒုတိယဦးစီးမှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး**
**အသက်(၃၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဝင်းပိုင်ရွာသစ်ကျေးရွာနေ (ဦးစိုး- ဒေါ်စောဝင်း)တို့၏သား၊ နေပြည်တော်နေ ဦးဝင်းသိန်း-ဒေါ်သီသီအောင်တို့၏ ညီ၊ မယုဝေလှိုင်၏အစ်ကိုသည် ၃၀-၆-၂၀၁၈ရက်(စနေနေ့)နံနက် ၈း၀၆နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက်

**(A.G.T.I)**
**(Director, The One Entertainment Group of Co., Ltd.)**
**အသက်(၄၂)နှစ်**

ကိုမျိုးရေ·· လောကကံကြမ္မာကြောင့် နှုတ်မဆက်ဘဲ ခွဲခွာသွားခဲ့တာဟာ သင်္ခါရတရားဖြစ်သော်လည်း ဝမ်းနည်းကြေကွဲစိတ်ဖြင့် မိသားစုနှင့်အတူ ဖြေသိမ့်လက်ခံ၍ မရနိုင်သေးပါ။

ဘဝရေစက်ကြောင့် ကိုမျိုးရဲ့ ခင်မင်နှစ်လိုဖွယ်ကောင်းသော စိတ်ထားနှင့် လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများအပေါ် သည်းခံနိုင်သော သဘောထားတို့ဖြင့် လုပ်ငန်းတွေ စိတ်တူကိုယ်တူ ဆောင်ရွက်ခဲ့တာကို အမြဲထာဝရ မမေ့နိုင်ပါ။

မိမိတို့ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမတွေ အတူပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု အရှိန်အဟုန်တို့သည် သံသရာအတွက် အထောက်အပံ့ဖြစ်စေပြီး မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေ။

**Director အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**The One Entertainment Group of Co., Ltd.**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲကျင်းပ




**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲအခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးဝင်းထိန် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံ အဆက်ဆက်တွင် ကျဆုံးခဲ့ရသော ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူတို့ကို ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ဆောင်ရွက်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## မြန်မာအမျိုးသမီးအသင်း ဖိလစ်ပိုင်အသင်းနှင့် အဖွင့်ပွဲကစားရမည်

**ပလန်ဘမ် ဇွန် ၃၀**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇူလိုင် ၁ ရက် **(ယနေ့)** ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇွန် ၃၀ ရက်တွင် အုပ်စု(က) ပွဲစဉ်များ ကျင်းပခဲ့ပြီး ပြိုင်ပွဲ၏ ပထမဆုံးပွဲတွင် သြစတြေးလျ ယူ-၂၀ အသင်းက မလေးရှားအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် ထိုင်း၊ သြစတြေးလျ ယူ-၂၀၊ မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ ဖိလစ်ပိုင်အမျိုးသမီးအသင်းသည် စနစ်တကျ ပြင်ဆင်ထားပြီး ၂၀၁၈ အာရှဖလားအမျိုးသမီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရထားသည့် အတွေ့အကြုံရှိသောကြောင့် မြန်မာအသင်းအနေဖြင့် ယခင်ပွဲများကဲ့သို့ လွယ်လွယ်ကူကူ အနိုင်ရဖွယ်မရှိဘဲ အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။ မြန်မာနှင့် ဖိလစ်ပိုင်အသင်းသည်

*စာမျက်နှာ ၁၀ ကော်လံ ၅* ✻



ရောဝတီအသင်းမှ သီဟဇော် မြဝတီဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။ ဓာတ်ပုံ-စိုးညွန့်

## MNL ပွဲစဉ် (၁၈) ရောဝတီနှင့် ဟံသာဝတီအနိုင်ရ

**ရန်ကုန် ဇွန် ၃၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရောဝတီနှင့် ဟံသာဝတီအသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် နိုင်ပွဲဆက်ခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ယခုပွဲအရှုံးကြောင့် လက်ကျန်ငါးပွဲကစားရန် ကျန်သေးသော်လည်း နှစ်မှတ်သာရပြီး အဆင့်(၁၀)နေရာမှ စစ်ကိုင်းအသင်းနှင့် ၁၆ မှတ်ကွာဟသွားပြီဖြစ်သောကြောင့် ပထမတန်းသို့ တန်းပြန်ဆင်းသွားရပြီဖြစ်သည်။

ရောဝတီအသင်းတွင် မင်းမင်းသူနှင့် နိုင်လင်းဦး၊ ပွဲပယ်ခံထားရသည့် ကာစီယိုမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး မြဝတီအသင်းမှာလည်း MNL တွင် ဆက်လက်ရှင်သန်နိုင်ရေး

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍

**ရွှေပြည်သာမြို့နယ်၌ အမျိုးသမီးတစ်ဦးကို စားစာခံအဖြစ်ခေါ်ယူပြီး ဆိုင်ကယ်လုယူထွက်ပြေးရန်ကြိုးစားသူအား ပစ်ခတ်ဖမ်းဆီး**

*စာ » ၁၃*

**လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသော လှေတိမ်းမှောက်ရာ ၁၀၀ ကျော် သေဆုံး**

*စာ » ၁၄*

